# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၇) ရက် ၊ စနေနေ့ ၊ (1-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၅၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd World Cadet Games-2022)တို့တွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ဆုနှင့်ငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်စိုးပေအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော်　　စက်တင်ဘာ　　၃၀**

(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်နည်းပြများ၊နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ(**International Army Games- 2022**)နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ (**3rd World Cadet Games-2022**)တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညီလာခံခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

မည်သည့်အားကစားမဆို "ယှဉ်ပြိုင်ခြင်းသည် အဓိက"ဟု ဆိုသော်လည်း နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်မည်ဟူသည့် ပြင်းပြသည့် ရည်မှန်းချက်ထားပြီး တပ်မတော်သားပီပီ နိုင်ငံတော်နှင့် တပ်မတော်အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ တပ်မတော်သားများတွင် ရှိပြီးသား ကောင်းမွန်သည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲမျိုးစုံတွင် အောင်မြင်မှုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြခြင်းပင်ဖြစ်...


(၄)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးကွန်ရက်ဆု (ASEAN-OSHNET AWARD)တွင် Best Practices Award ရရှိခဲ့သည့်

ရွှေဖီဦး အသင့်ဖျော်လက်ဖက်ရည်ထုပ် ထုတ်လုပ်ရေးစက်ရုံအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

အင်းဝဘာဏ်လီမိတက်

ASEAN-OSHNET

3 IN 1 INSTANT TEA MIX

ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်

ယနေ့သည် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ဖြစ်သည်။ လူတိုင်းကြုံတွေ့ရမည်မှာ အိုနာသေဘေးဖြစ်သည်။ ထို့ကြောင့် လူတိုင်းဆုတောင်းလေ့ရှိကြသည်မှာ အိုဇာတာကောင်းရေးပင်ဖြစ်သည်။ လူတစ်ဦးသည် ဘဝတစ်လျှောက်လုံး မည်မျှပင်ကြွယ်ဝချမ်းသာနေစေကာမူ အိုဇာတာညံ့နေမည်ဆိုလျှင် ဘဝနေဝင်ချိန် ပူလောင်နေမည်ဖြစ်သည်။ အချို့သောသူများသည် ငယ်စဉ်က မပြည့်စုံသော်လည်း အိုဇာတာကောင်းသဖြင့် ဘဝနေဝင်ချိန် အေးချမ်းသည်။ မည်သို့ပင်ဖြစ်စေ သား၊ သမီးများနှင့် မျိုးဆက်သစ်လူငယ်များသည် အသက်အရွယ်အိုမင်းနေပြီဖြစ်သော မိဘ၊ ဘိုးဘွားများကို ပြုစုစောင့်ရှောက်ပေးရန် တာဝန်ရှိပေသည်။

ထို့ကြောင့် သက်ကြီးမိဘ၊ ဘိုးဘွားများအပေါ် သတိရအောက်မေ့စေရန် နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဆုံးဖြတ်ချက်အမှတ်( ၄၅/၁၀၆)ဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် ထိုနေ့ရောက်လျှင် ကမ္ဘာတစ်ဝန်းရှိ သက်ကြီးဘိုးဘွားများအတွက် အမှတ်တရအခမ်းအနားများ ကျင်းပလေ့ရှိကြသည်။ ထိုနေ့၏ ရည်ရွယ်ချက်မှာ ဇရာထောင်းလာသော သက်ကြီးရွယ်အိုများကို ပစ်ပယ်မထားရန်နှင့် နှိပ်စက်ညှဉ်းပန်းသည့် အပြုအမူများကို အကာအကွယ်ပေးရန်ဖြစ်သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများကို ကြဉ်ဖယ်ထားခြင်းမျိုး မပြုလုပ်ဘဲ မိသားစုနှင့် လူမှုအသိုက်အဝန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ပေးသွားရန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ သက်ကြီးဘိုးဘွားများ၏ ၅၇ ရာခိုင်နှုန်းသည် အမျိုးသမီး သက်ကြီးရွယ်အိုများဖြစ်ကြသည်။ သက်ကြီးအမျိုးသမီးများသည် သက်ကြီးအမျိုးသားများထက်ပို၍ အသက်ရှည်ပြီး လောကဓံ၏ဒဏ်ကို ပို၍ခံနိုင်ရည်ရှိသည်။ ရပ်ရွာသာရေးနာရေး၊ လူမှုဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ဝန်မလေးတတ်သူများဖြစ်သည်။ အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ကြသူများလည်းဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်း၌ အသက် ၆၀ ကျော်လူဦးရေ သန်း ၁၀၀၀ ကျော်ရှိနေပြီဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်ရောက်လျှင် ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော လူဦးရေ သန်း ၂၀၀၀ သည် အသက် ၆၀ ကျော်အရွယ်များဖြစ်နေပြီး ၂၁၀၀ ပြည့်နှစ်တွင် သန်း ၃၀၀၀ ကျော်ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများကို ပြည့်စုံလုံလောက်သည့် အာမခံချက်ပေးထားမည်ဆိုလျှင် လူမှုအသိုက်အဝန်းတွင် နေပျော်မည်သာဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ လူဦးရေအနက် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုမှာ နှစ်သန်းကျော်ဖြစ်သည်။ သက်ကြီးရွယ်အိုများ ဝင်ငွေရရှိစေရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၄)နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (၂၀၁၆) နှင့်အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အသက် ၁၀၀ နှစ်မှစခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာမှစ၍ အသက် ၉၀ နှစ်နှင့်အထက်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင် ပံ့ပိုးပေးမှုအစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်ဖြစ်သော "သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား"ဟူသည်နှင့်အညီ သက်ကြီးအမျိုးသမီးများ၏ စွမ်းပကားများနှင့် သက်ကြီးဘိုးဘွားများကို လူမှုအသိုက်အဝန်း၌ လေးလေးစားစား ပါဝင်ခွင့်ရှိစေရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် နိုဝင်ဘာလအတွင်း ရေလမ်းညွှန်အမှတ်အသားများ စိုက်ထူမည်



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် နိုဝင်ဘာလအတွင်း ရေလမ်းညွှန်အမှတ်အသားများစိုက်ထူပြသပေးမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ်အတွင်း မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သင်္ဘောများသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် နိုဝင်ဘာလတွင် ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၁၄၀ နှင့်ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၂၀၀ စုစုပေါင်းရေလမ်းညွှန်အမှတ်အသားအခုရေ ၃၄၀ ကို သင်္ဘောနှစ်စီးဖြင့် စိုက်ထူပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်းမှာတော့ ရေနည်းချိန်ကာလကို ပြန်ပြီးရောက်ရှိလာမှာဖြစ်တာကြောင့် ရေပေါ်ပြ၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားတွေကို စိုက်ထူပြသပေးသွားမှာပါ။ မန္တလေးဆိပ်ကမ်းကနေ မန္တလေး-တကောင်း ဘက်ကိုသွားမဲ့ ခရီးသည်တင် သင်္ဘောတွေကော ကုန်တင်သင်္ဘောတွေပါ လာမဲ့ရေနည်းချိန်ကာလမှာ သွားရလာရ လွယ်ကူအဆင်ပြေအောင်လို့ ရေလမ်းညွှန်အမှတ်အသားတွေကို နိုဝင်ဘာလကစပြီး ပြန်စိုက်ထူပေးမဲ့အပြင် အခုလက်ရှိ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေကိုပါ ဆက်တိုက်လုပ်ဆောင်ပေးနေပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ယခင် ဈေးကွက်ကောင်းစဉ်ကကဲ့သို့ စိတ်ကြိုက်ခေါ် ဈေးရရှိခြင်းမျိုးမဟုတ်ဘဲ မူလခေါ် ဈေးအောက်ဈေးလျှော့ရောင်းမှ အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်းအသင့်အတင့်နှင့် လူနေထိုင်မှု များပြားလာသော မြို့သစ်ရပ်ကွက်များ၊ ချမ်းမြသာစည်မြို့နယ်အရှေ့ခြမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ် (အရှေ့ခြမ်း) ရပ်ကွက်များတွင် အများဆုံး ဝယ်ယူကြကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များထံမှ သိရသည်။

အရောင်းအဝယ် ပြန်ဖြစ်နေသော်လည်း ငွေကျပ် သိန်းထောင်ကြီး၊ သောင်းကြီးပိုင်းများ အရောင်းအဝယ်ဖြစ်မှု နည်းပါးနေသေးပြီး ကြိုက်ရောင်းကြိုက်ဝယ် ပုံစံဖြင့် အများဆုံးလုပ်ကိုင်နေကြရကြောင်း၊ ယခုအခါ မန္တလေးဈေးကွက်အတွင်း ငွေကျပ် သိန်း ၁၅၀၀ အောက် မြေကွက်များ အရောင်းအဝယ်ဖြစ်မှုပိုများကြောင်း သိရသည်။

"ငွေကျပ် သိန်း ၁၅၀၀ အောက် မြေကွက်တွေ အရောင်းအဝယ်ပိုဖြစ်လာတယ်။ အများဆုံးကတော့ မြို့ပြင်ဘက်က ပိုပြီးအရောင်းအဝယ်ဖြစ်နေတယ်။ ငွေကျပ် သိန်းထောင်ကြီးပိုင်းတွေလဲ ညှိနှိုင်းဈေးနဲ့ အရောင်းအဝယ်ဖြစ်တာမျိုးတွေရှိလာတယ်။ အငှားဈေးကွက်ကတော့ ကျဆင်းသွားတာမျိုး မရှိသေးပါဘူး"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုအေးက ပြောပြသည်။

ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့် အချက်အချာကျသောအဓိကလမ်းမကြီးများနှင့် လူစည်ကားရာရပ်ကွက်ကြီးတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်နေပြီး ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ရန်နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်းလုံလောက်စွာရှိသော နေရာများပို၍ အငှားဖြစ်နေကြောင်း သိရသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ခုနစ်သောင်းမှ ငါးသိန်းခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် တစ်သိန်းငါးသောင်းခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

မြို့တွင်းပိုင်း၌ ၇၃ လမ်းမတန်း (လမ်း ၃၀ မှ မန္တလေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ၊ ဆေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ၊ မင်္ဂလာမန္တလေးအနီးဝန်းကျင်ရပ်ကွက်များ)၊ ၆၂ လမ်းမတန်း (မနော်ဟရီလမ်းမှ ၁၉ လမ်း)၊ ၃၅ လမ်းမတန်း (၆၂ လမ်းမှ ၈၄ လမ်း)၊ လမ်း ၃၀ (၈၄ လမ်းမှ ၆၂ လမ်း)၊ ဘုတာကြီးအနီး တိုက်ခန်းများတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်ကြောင်း သိရသည်။

တိုက်ခန်းများကိုလည်းအရစ်ကျစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မှုများရှိလာပြီး ငွေကျပ်သိန်း ၁၀၀၀ အောက်တန်ဖိုးရှိ တိုက်ခန်းများ အရောင်းအဝယ်ဖြစ်နေကာ လူနေထိုင်ရန် အဆင်သင့်ဖြစ်သည့် တိုက်ခန်းများကို စိတ်ဝင်စားမှုပိုများလာကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဒွေးဝင်းက ပြောပြ၍ သိရသည်။

(၁၇၃)

# မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်နေလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်း ၄၆ ကြိမ်ဖွင့်လှစ်ပြီးဖြစ်

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်၌ ကျေးလက်နေလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၄၆ ကြိမ်ဖွင့်လှစ်ပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဟန်က ပြောပြ၍ သိရသည်။

ကျေးလက်နေလူငယ်များကို မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်သင်ကြားပေးသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရှိသကဲ့သို့ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးခြင်းများလည်း ရှိကြောင်း၊ အဆိုပါသင်တန်းကို ယခုဘဏ္ဍာနှစ် မေလမှစ၍ ကျေးလက်နေလူငယ် ၁၅၅၅ ဦးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို ၇၅ ကြိမ် အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ ယနေ့အချိန်ထိ သင်တန်း ၄၆ ကြိမ်ဖွင့်လှစ်ပြီးဖြစ်ကာ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၁၀၈၀ ကို မွေးထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အတွက် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၂၀၀ ကျော်အကုန်အကျခံဖွင့်သွားမှာပါ။ မြစိမ်းရောင်ကျေးရွာစီမံကိန်းပြုလုပ်တဲ့ ကျေးရွာတွေကို အဓိကထားဖွင့်လှစ်ပေးပါတယ်။ သင်တန်းပေးတဲ့အခါမှာလဲ စိတ်ပါဝင်စားတဲ့ သင်တန်းအမျိုးအစားအလိုက် သင်ကြားပေးတာပါ။ သင်တန်းတွေကတော့ သင်တန်းအမျိုးအစားအလိုက် ကာလမတူကြပါဘူး။ ကျွမ်းကျင်တတ်မြောက်ပြီး လုပ်ကိုင်စားသောက်နိုင်တဲ့ထိ သင်ကြားပေးတာပါ"ဟု ဒေါ်စန္ဒာဟန်က ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးမိတ်မြို့နယ် ဘော်ဒေ(ဈေး)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုးမိတ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ဘော်ဒေ (ဈေး)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ဘော်ဒေ(ဈေး) ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက လမ်းရေရှည်တည်တံ့စေရေးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဘော်ဒေ(ဈေး)ကျေးရွာတွင် လမ်းအရှည်ပေ ၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၇၁ ဒသမ ၅ သိန်းဖြင့် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုး၍ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ပြောပြ၍ သိရသည်။

**ရှိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးချစ်ဆွေ-ဒေါ်စောမြိုင်တို့က ဆရာတော်ဦးသုမင်္ဂလအားအမှူးထား၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ စီမံဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ-ဂရိတ်ဦးမြဝင်းအဖွဲ့က လက်ခံရယူစဉ်။

# ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြည်ပသို့ ဆန်နှင့် ငါးခြောက်တင်ပို့သည့်ကုန်တင်ကားအစီးရေ များပြားလာ



**မြစ်ကြီးနား အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြည်ပသို့ ဆန်နှင့် ငါးခြောက်တင်ပို့သည့်ကုန်တင်ကား အစီးရေ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဒေါ်တူးထံမှ သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့အပါအဝင် အခြားမြို့များမှထွက်ရှိသည့် တစ်သျှူးငှက်ပျော၊ ငရုတ်၊ ဖရဲ၊ သခွား၊ ပြောင်း၊ ဆန်၊ ငါးခြောက်နှင့် ရော်ဘာများကို ကန်ပိုက်တီနယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း၊ ယခုအခါ ကချင်ပြည်နယ်မှ ပြည်ပသို့ ဆန်နှင့် ငါးခြောက်တင်ပို့မှု များပြားလာကြောင်း သိရသည်။

"အခုလက်ရှိ ကုန်စည်တွေ တင်ပို့မှုထဲမှာ ဆန်နဲ့ ငါးခြောက်က ပြည်ပကုန်သည်တွေ မှာယူမှုများလာတာကြောင့် ကုန်တင်ကားအစီးရေလဲ ပြန်ပြီးများလာတာဖြစ်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ကချင်ပြည်နယ်မှထွက်ရှိသည့် ဆန်နှင့် ငါးခြောက်ကို ကန်ပိုက်တီနယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပသို့ တင်ပို့ရာတွင် စက်တင်ဘာလပထမပတ်က တစ်ရက်လျှင် အစီးရေ ၅၀ ကျော်သာရှိသော်လည်း စက်တင်ဘာလတတိယပတ်မှစ၍ တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၈၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

ထို့ပြင် ကန်ပိုက်တီနယ်စပ်ဂိတ်မှတစ်ဆင့် တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေမှာလည်း စက်တင်ဘာလတတိယပတ်မှစ၍ တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၂၀၀ ကျော်ထိရှိကြောင်း၊ မကြာမီကာလတွင် တစ်သျှူးငှက်ပျောအထွက်နှုန်းကောင်းမည့်ကာလသို့ ရောက်ရှိလာမည်ဖြစ်သောကြောင့် တစ်သျှူးငှက်ပျောတင်ပို့မည့် ကုန်တင်ကားအစီးရေ ပြန်လည် များပြားလာမည်ဖြစ်ကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

(၁၈၄)

# မကွေးမြို့နယ် သံဘိုရွာမကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

**မကွေး အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သံဘိုရွာမကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အလုပ်အကိုင်ရှားပါးသော ကျေးလက်နေပြည်သူများ လုပ်အားခဝင်ငွေရရှိစေရန် ရည်ရွယ်၍ Cash for Work စီမံကိန်းဖြင့် မြေသားရေကန်တူးဖော်နေမှုကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သံဘိုရွာမကျေးရွာ၌ Cash for Work စီမံကိန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် Cash for Work စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် သံဘိုရွာမကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်း ကုဗပေ ၆၅၄၀၀ ကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၃၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက သံဘိုရွာမကျေးရွာရှိ အိမ်ထောင်စု ၁၀၉ စု၊ လူ ၄၂၈ ဦးအတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

**အတွေး**

# ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာငါးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာ၌ နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးမည့်တောင်သူများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါမြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက သရက်တောကျေးရွာမှ နေကြာစိုက်တောင်သူ ၁၁၁ ဦး၊ တောင်ပေါ်(မ)ကျေးရွာမှ နေကြာစိုက်တောင်သူ ၈၇ ဦး၊ ကျောက်တံခါးကျေးရွာမှ နေကြာစိုက်တောင်သူ ၈၅ ဦး၊ လယ်ကြီး(မ)ကျေးရွာမှ နေကြာစိုက်တောင်သူ ၆၉ ဦးနှင့် ထန်းခြကျေးရွာမှ နေကြာစိုက်တောင်သူ ၃၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေကျပ်သန်း ၁၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးပေးနိုင်ခြင်းဖြင့် ကျေးရွာများရှိ တောင်သူ ၃၈၉ ဦး၏ စိုက်ပျိုးမြေ ၉၁၇ ဒသမ ၅ ဧကအတွက် လိုအပ်သည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုမြည်**



# အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့နှင့် သက်ကြီးအမျိုးသမီးများ၏အရေးပါမှု

နှစ်စဉ်အောက်တိုဘာလ ၁ ရက်သည် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ဖြစ်သည်။ ကမ္ဘာနှင့်အဝန်း သက်ကြီးရွယ်အိုများရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲပင်ပန်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်လူမှုရေးအထီးကျန်ဆန်မှုတို့ကို လူအဖွဲ့အစည်းကို သိရှိလှုံ့ဆော်ပေးရန်ဟူသောရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ၁၉၉၂ ခုနှစ်မှစတင်ကျင်းပလာခဲ့သည်မှာ ၂၀၂၂ ခုနှစ်တွင် နှစ် ၃၀ ပြည့်ပုလဲရတုအခါသမယသို့ရောက်ရှိလာပြီဖြစ်သည်။

လက်ရှိကမ္ဘာ့လူဦးရေသန်း ၇၉၀၀ ကျော်အနက် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေ ၇၀၃ သန်းရှိသည်။ လာမည့်ဆယ်စုနှစ်သုံးခု အတွင်း သက်ကြီးရွယ်အိုဦးရေ ၁ ဒသမ ၅ ဘီလီယံကျော်သို့ ရောက်ရှိလာမည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားသည်။ ဤသို့သက်ကြီးသူများပြားလာမှုသည် မင်္ဂလာတစ်ပါးဖြစ်သော်လည်း ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီးအတွက် ရတက်မအေးဖွယ်ကိစ္စရပ်ကြီး တစ်ခုဖြစ်လာပြီ။ ဤအရေးကို ရှေးမဆွကပင် မြော်မြင်တွေးဆခဲ့ကြသည်ဖြစ်ရာ ကုလသမဂ္ဂအဖွဲ့ကြီးက လွန်ခဲ့သောနှစ် ၄၀ ကတည်းကစတင်အာရုံစိုက်ခဲ့သည်။

### ပထမအကြိမ်သက်ကြီးရွယ်အိုဆိုင်ရာညီလာခံ

၁၉၈၂ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပထမအကြိမ်သက်ကြီးရွယ်အိုဆိုင်ရာညီလာခံကြီး(World Assembly on Ageing) ကို ကျင်းပကာ သက်ကြီးရွယ်အိုများဆိုင်ရာ ဗီယင်နာအပြည်ပြည်ဆိုင်ရာလုပ်ငန်းစီမံချက် (Vienna International Plan of Action on Ageing) ကိုချမှတ်ခဲ့သည်။ ၎င်းစီမံချက်ကိုဖော်ဆောင်ရာတွင် ကျန်းမာရေးနှင့်အာဟာရဆိုင်ရာလုပ်ငန်း၊ အကာအကွယ်ပေးခြင်း၊ နေထိုင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာရေးရာများ၊ မိသားစုရေးရာ၊ လူမှုရေးရာ၊ ဝင်ငွေလုံလောက်မှုရရှိရေး၊ အလုပ်အကိုင်ရရှိရေးနှင့် ပညာရေးကဏ္ဍတို့ကို သုတေသနပြုခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ စိစစ်သုံးသပ်ခြင်းများပြုလုပ်ရန်အကြံပြုထားသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ သက်ကြီးရွယ်အိုများအရေးကို ပိုမိုအာရုံစိုက်လာစေရန်နှင့် နှစ်စဉ်လှုံ့ဆော်မှုပြုပေးနိုင်ရန် (၄၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဆုံးဖြတ်ချက် အမှတ် (၄၅/၁၀၆)ဖြင့် နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို **"အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့"** (International Day of Older Persons-IDOP) ဟု ဂုဏ်ပြုသတ်မှတ်ပေးလိုက်ခြင်းကြောင့် ကမ္ဘာ့ပြက္ခဒိန်ပေါ်တွင် နေ့ထူးနေ့မြတ်တစ်နေ့ပေါ်ထွန်းလာသည်။

### အခြေခံမူငါးရပ်

ထို့ပြင် သက်ကြီးရွယ်အိုများ နိစ္စဓူဝကြုံတွေ့ရသော လူမှုဒုက္ခများနှင့် စစ်မက်ဖြစ်ပွားစဉ် မသိကျိုးကျွန်ပြုခြင်း၊ လျစ်လျူရှုခြင်းနှင့် အကြမ်းဖက်ခံရခြင်းတို့မှ အကာအကွယ်ပြုနိုင်ရန် ၁၉၉၁ ခုနှစ်တွင်ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကဆုံးဖြတ်ချက် (၄၆/၉၁) ဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာအခြေခံမူ (United Nations Principles for Older Persons) ငါးရပ်ကို အောက်ပါအတိုင်းချမှတ်ပေးခဲ့သည်-

(က) အခြေခံလိုအပ်ချက်များပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင်ရပ်တည်နိုင်ရေး (Independence)

(ခ) လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး (Participation)

(ဂ) ကြီးသူငယ်သူ အပြန်အလှန်ကူညီစောင့်ရှောက်မှုပြုရေး (Care)

(ဃ) ၎င်းတို့၏စွမ်းရည်နှင့် အခွင့်အလမ်းများကို ၎င်းတို့ကိုယ်တိုင် ဖြည့်ဆည်းနိုင်ရေး(Self-Fulfilment)

(င) ဂုဏ်သိက္ခာရှိရှိဖြင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေး(Dignity)

### အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနှစ်

(၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဆုံးဖြတ်ချက်အမှတ်(၄၇/၅)ဖြင့် ၁၉၉၉ ခုနှစ်ကို **"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်"** (International Year of Older Persons-IYOP) ဟု သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ကျင်းပသော အကြိမ် (၅၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆုံးဖြတ်ချက် (၅၀/၁၄၁)ဖြင့် IYOP ကျင်းပရေးအတွက် အခြေခံမူဘောင်စည်းမျဉ်းများကို ချမှတ်ပေးခဲ့သည်။ ၁၉၉၇ ခုနှစ်တွင်ကျင်းပသော (၅၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနှစ် အထိမ်းအမှတ်အခမ်းအနားကို တစ်ခဲနက်ကျင်းပကြရန် မေတ္တာရပ်ခံတိုက်တွန်းခဲ့သည်။ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့်လူမှုရေးကော်မရှင်၏ (၅၄) ကြိမ်မြောက်အစည်းအဝေးက International Year of Older Persons: Towards a society for all ages (သက်ရွယ်စုံညီလူ့ဘောင်ဆီသို့) ဟူသည့်ဆောင်ပုဒ်ကို သတ်မှတ်ပေးခဲ့ရာ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးတို့၌ IYOP အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။

### ဒုတိယအကြိမ်သက်ကြီးရွယ်အိုဆိုင်ရာညီလာခံ

၂၀၀၂ ခုနှစ်တွင် ဒုတိယအကြိမ် သက်ကြီးရွယ်အိုဆိုင်ရာညီလာခံကို စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ထပ်မံကျင်းပသည်။ အဆိုပါညီလာခံက "မက်ဒရစ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ် (Madrid International Plan of Action on Ageing–MIPAA)ထွက်ပေါ်လာကာ ကမ္ဘာတစ်ဝန်းလုံးရှိ သက်ကြီးရွယ်အိုများဘဝ သာယာစိုပြည်ရေးအတွက် အောက်ဖော်ပြပါ ဦးစားပေးနယ်ပယ်သုံးရပ်ကို စတင်ဖော်ဆောင်ကြရန်တိုက်တွန်းခဲ့သည်-

(က) သက်ကြီးရွယ်အိုများနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Older Persons and Development)

(ခ) သက်ကြီးရွယ်အိုများ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာရေး(Advancing Health and well-being into old age)

(ဂ) သက်ကြီးရွယ်အိုများကို ကူညီစောင့်ရှောက်ပေးမည့်ပတ်ဝန်းကျင်ကောင်းများဖြစ်ထွန်းလာရေး(Ensuring Enabling and Supportive Environment)

### အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုနေ့ဆောင်ပုဒ်များ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သက်ကြီးရွယ်အိုများဘဝ စိုပြည်လှပရေးဆိုင်ရာမူဝါဒ၊ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း နှစ်စဉ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့မတိုင်မီ ဦးတည်ချက်ဆောင်ပုဒ် (Theme)တစ်ခုကို ချမှတ်ပေးမြဲဖြစ်သည်။ ၂၀၂၁ ခုနှစ်ထိ နှစ်စဉ်ချမှတ်ပေးခဲ့သော ဆောင်ပုဒ်တချို့ကို စာရေးသူမှတ်သားသိသမျှဖော်ပြအပ်ပါသည်။

**ခုနှစ် - ဆောင်ပုဒ်**

၂၀၁၃ - The Future We Want: What Older Persons Are Saying
"သက်ကြီးရွယ်အိုပြောစကား၊ တို့လိုချင်တဲ့အနာဂတ်များ"

၂၀၁၄ - Leaving No One Behind: Promoting a Society for All
"သက်ကြီးရွယ်စုံမြှင့်တင်စို့၊ အားလုံးပါဝင်ဆောင်ရွက်စို့"

၂၀၁၅ - Sustainability and Age Inclusiveness in the Urban Environment
"ဘိုးဘွားအားလုံးပါဝင်ဖို့၊ ရေရှည်တည်အောင်ကြိုးပမ်းစို့"

၂၀၁၆ - Take A Stand Againts Ageism
"ဘိုးဘွားများအတွက်က ရပ်တည်ဖို့၊ ပစ်ပယ်ခွဲခြားမှုများဆန့်ကျင်စို့"

၂၀၁၇ - Stepping into the Future: Tapping the Talents, Contribution and Participation of Older Persons in Society
"သက်ကြီးသူတို့ စွမ်းဆောင်အား၊ ရပ်ရွာအတွင်း အလေးထား၊ အနာဂတ်အတွက် ခြေလှမ်းများ"

၂၀၁၈ - Celebrating Older Human Rights Champions
"သက်ကြီးအခွင့်အရေးဖော်ဆောင်ဖို့၊ ကြိုးပမ်းသူကိုဂုဏ်ပြုစို့"

၂၀၁၉ - The Journey to Age Equality
"အသက်ကြောင့်မခွဲခြား တို့ဘိုးဘွား၊ စွမ်းအားတူညီလျှောက်လှမ်းမည်"

၂၀၂၀ - Pandemics: Do they Change How We Address Age and Ageing?
"သက်ကြီးရွယ်အိုကာကွယ်ဖို့၊ သက်ရွယ်မရွေးပူးပေါင်းလို့၊ ကပ်ရောဂါကိုတိုက်ဖျက်စို့"

၂၀၂၁ - Digital Equity for All Ages
"သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ၊ သက်ရွယ်မရွေးပါဝင်ကြ"

### ၂၀၂၂ ခုနှစ်ဆောင်ပုဒ်

၂၀၂၂ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးသောဆောင်ပုဒ်မှာ "သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား" "The Resilience and Co-ntributions of Older Women"ဖြစ်သည်။ သက်ကြီးရွယ်အိုအမျိုးသမီးများ၏ ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းနိုင်မှုနှင့် ပူးပေါင်းပါဝင်ဖြည့်ဆည်းမှုများသည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရာတွင် အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်းကို ဖော်ထုတ်အသိအမှတ်ပြု၍ ဆက်လက်အားပေးမြှင့်တင်ပေးရန် ဤဆောင်ပုဒ်က မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ ဆောင်ပုဒ်၏အဓိကရည်ရွယ်ချက်များမှာ-

(က) သက်ကြီးအမျိုးသမီးများ၏ တစ်သက်တာဘဝတွင် တရားမျှတမှုမရရှိခဲ့ခြင်းနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးနယ်ပယ်များတွင် အခက်အခဲများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းမှုများကို အလေးပေးဖော်ထုတ်ရန်၊

(ခ) ကမ္ဘာတစ်ဝန်းလုံးရှိ သက်ကြီးအမျိုးသမီးများအပေါ် အသက်အရွယ်နှင့် လိင်မှုဆိုင်ရာ ခွဲခြားဆက်ဆံခံရမှုနှင့်စပ်လျဉ်းသော အချက်အလက်များကို စုစည်းဖော်ထုတ်၍ ၎င်းတို့၏အရေးပါအရာရောက်မှုကို အများသိရှိအောင်ဆောင်ရွက်ရန်၊

(ဂ) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် ဆက်နွှယ်သောအဖွဲ့အစည်းများအနေဖြင့် သက်ကြီးအမျိုးသမီးများ အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှ အခွင့်အရေးများရရှိမှုသေချာစေမည့်မူဝါဒများ ရေးဆွဲဖော်ဆောင်ရန်တို့ဖြစ်သည်။

### နိုင်ငံတော်၏ဖြည့်ဆည်းဆောင်ရွက်မှု

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သောမြန်မာနိုင်ငံအနေဖြင့် ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားများကို နိုင်ငံတော်အဆင့်သာမက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးများ၌ပါ ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ၂၄ ကြိမ်ရှိလာပြီဖြစ်သည်။ နိုင်ငံနှင့်အဝန်း အသိအမှတ်ပြုစေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာ ၈၅ ခုရှိ ဘိုးဘွားများအတွက် နိုင်ငံတော်က ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာတို့ကို နှစ်စဉ်ပံ့ပိုးပေးသည်။ ၂၀၀၄ ခုနှစ်မှစ၍ အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်းကို အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်ခဲ့သည်။ စီမံကိန်းဝင်မြို့နယ်ပေါင်း ၁၅၄ မြို့နယ်ထဲမှကျေးရွာ ၁၁၈ ရွာတွင် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များဖွဲ့စည်းပေးခဲ့သည်။ ယခုအခါ လူကြီးနှင့်လူငယ်အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သက်ကြီးသူတို့၏ စွမ်းရည်ကို ပိုမိုအားကောင်းစေရန် **"လူမှုအားမာန်အဖွဲ့"** (Inclusive Self-Help Group-ISHG)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရာ ၂၂၂ ဖွဲ့ရှိလာပြီဟု သိရသည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးနည်းလမ်းတစ်ရပ်ဖြစ်သည့် **"သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ"** တစ်ခုကို ရန်ကုန်မြို့တွင် စံနမူနာပြအဖြစ် ဖွင့်လှစ်ထားပြီး အဆိုပါဂေဟာက **"သက်ကြီးရွယ်အိုများပြုစုစောင့်ရှောက်သူ"** (Care Giver) သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေသည်ကိုတွေ့ရသည်။

စာမျက်နှာ ၅ သို့ ➤

❖ ကမ္ဘာ့နိုင်ငံအသီးသီး၌ သက်ကြီးရွယ်အိုများအရေးကို ပိုမိုအာရုံစိုက်လာစေရန်နှင့် နှစ်စဉ်လှုံ့ဆော်မှုပြုပေးနိုင်ရန် (၄၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဆုံးဖြတ်ချက်အမှတ် (၄၅/၁၀၆)ဖြင့် နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို "အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့" (International Day of Older Persons-IDOP) ဟု ဂုဏ်ပြုသတ်မှတ်ပေးလိုက်ခြင်းကြောင့် ကမ္ဘာ့ပြက္ခဒိန်ပေါ်တွင် နေ့ထူးနေ့မြတ်တစ်နေ့ပေါ်ထွန်းလာသည်။ ❖

## လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

## မြောက်ဦးမြို့နယ် မီးကျောင်းသစ်ကျေးရွာ၌ အုတ်ရေလှောင်ကန်တည်ဆောက်ပြီးစီးမှုစစ်ဆေး

**မြောက်ဦး စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မီးကျောင်းသစ်ကျေးရွာ၌ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွန့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းအောင်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက မီးကျောင်းသစ်ကျေးရွာ၌ အလျား ၁၆ ပေ၊ အနံ ၂၄ပေ အမြင့် ခြောက်ပေရှိ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ကျေးရွာရေရရှိရေးလုပ်ငန်းကော်မတီဝင်များနှင့် ရပ်မိရပ်ဖများကို ဆောင်ရွက်ပြီးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားခဲ့သည်။

မြောက်ဦးမြို့နယ် မီးကျောင်းသစ်ကျေးရွာ၌ ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် စကားလက်ကုမ္ပဏီက ယခုနှစ် ဇွန် ၂၅ ရက်မှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၃၈ အိမ်၊ လူဦးရေ ၁၆၀ နှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြောက်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**



➤ စာမျက်နှာ ၄ မှအဆက်

ထို့ပြင် နိုင်ငံတော်အစိုးရက **"သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်း"**နှင့် **"မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်"**တို့ကို ၂၀၁၄ ခုနှစ်မှစ၍ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် "သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ"ကို ပြဋ္ဌာန်းပေးခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အသက် ၉၀ နှင့်အထက် သက်ကြီးရွယ်အိုတစ်ဦးလျှင် လစဉ်ငွေကျပ်တစ်သောင်းနှုန်းပံ့ပိုးပေးသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အစ အောက်တိုဘာလမှစ၍ အသက် ၈၅ နှစ်သို့ ပြောင်းလဲလျှော့ချကာ တစ်နိုင်ငံလုံးရှိသက်ကြီးရွယ်အိုဦးရေ ၂၅၀၀၀၀ ခန့်ကို သုံးလတစ်ကြိမ်ပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊ လုပ်ကိုင်နိုင်စွမ်းရှိသေးသော နိုင်ငံ့ဝန်ထမ်းသက်ကြီးရွယ်အိုများပင်စင်ယူရမည့်အသက်ကို ၆၂ နှစ်ထိ တိုးမြှင့်သတ်မှတ်ပေးခြင်းဖြင့်လည်းကောင်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများစောင့်ရှောက်မှုသမိုင်းတွင် ကမ္ပည်းတင်ရမည့်ဆောင်ရွက်ချက်များဖြစ်သည်။

**လူဦးရေ ၁၂ ဦးတွင် သက်ကြီးရွယ်အိုတစ်ဦး**

မြန်မာနိုင်ငံ၌ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုပါဝင်မှုရာခိုင်နှုန်းသည် ၁၉၇၃ ခုနှစ်က ခြောက်ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်ပြောင်းလဲလာသည်။ ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်ထားသောသက်ကြီးရွယ်အိုအကြောင်းအရာသုတေသနစာတမ်းအရ မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အိုဦးရေ ၄ ဒသမ ၅ သန်းခန့်ရှိလာပြီဖြစ်ရာ မြန်မာ့လူဦးရေ ၅၄ သန်းကျော်နှင့် တွက်ချင့်လျှင် လူဦးရေ ၁၂ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုစာရင်းဝင်ဖြစ်လာပြီ။ ထိုဦးရေ၏ ၅၇ ရာခိုင်နှုန်းသည် အမျိုးသမီးသက်ကြီးရွယ်အိုများဖြစ်ကြသည်။

**သက်ကြီးရွယ်အိုအမျိုးသမီးများ၏ အရေးပါမှု**

စင်စစ်သက်ကြီးအမျိုးသမီးများသည် သက်ကြီးအမျိုးသားများထက် ပို၍အသက်ရှည်သည်။ ပို၍လောကဓံကို ခံနိုင်စွမ်းရှိသည်။ ကရုဏာနှလုံးသားနှင့် မုဒိတာအပြုံးများကို ပိုင်ဆိုင်ထားသောမိသားစုဘဝအလှဖန်တီးရှင်များဖြစ်သည်။ သားကိုသခင်၊ လင်ကိုဘုရား တန်ဖိုးထားတတ်သူများဖြစ်သည်။ ရပ်ရေးရွာရေး၊ သာရေးနာမှု၊ လူမှုဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ဝန်မလေးတတ်သူများဖြစ်သည်။ ထိခိုက်လွယ်သူများ၊ အားနွဲ့သူများဟု ဆိုလင့်ကစား ဉာဏ်ပညာကြီးခြင်း၊ ခေါင်းဆောင်မှုအရည်အသွေးရှိခြင်း၊ စွမ်းအားကြီးခြင်း၊ တရားမျှတခြင်း၊ ဆင်ခြင်တုံတရားရှိခြင်း၊ လိမ္မာပါးနပ်သောတန်ဖိုးဉာဏ်ရှိခြင်း စသော ဝိသေသလက္ခဏာရှိသူများဖြစ်သည်။ "ယောကျ်ားကိုစေသော် မပြီးနိုင်၊ မိန်းမကိုစေသော်မခံနိုင်"ဟူသည့် ဆိုရိုးစကားအတိုင်း အမျိုးသားများပြီးမြောက်အောင် မဆောင်ရွက်နိုင်သည့်ကိစ္စတချို့ကို ပြီးပြတ်အောင်ဆောင်ရွက်နိုင်စွမ်းရှိသူများဖြစ်သည်။ ပျော့လျှင် ဖယောင်း၊ မာလျှင် သံချောင်းဆိုသည့်အတိုင်း သမိုင်းရေစီးလှိုင်းကြီးလေထန်ကာလများစွာတို့တွင် အမျိုးသားများနှင့်ရင်ပေါင်တန်း၍ ကြံ့ကြံ့ခံတုံ့ပြန်ရင်ဆိုင်နိုင်ကြသူများလည်းဖြစ်သည်။ နယ်ပယ်တိုင်းလိုလိုတွင် သက်ကြီးအမျိုးသမီးများ၏အရေးပါအရာရောက်မှုများကား စာဖွဲ့၍ကုန်နိုင်ဖွယ်မရှိပေ။

ဤသို့သော သက်ကြီးအမျိုးသမီးများ၏ သတ္တိခွန်အား၊ စွမ်းပကားကို အသိအမှတ်မပြုဘဲ Ageism ခေါ် အသက်အရွယ်အရ ခွဲခြားဆက်ဆံခြင်း၊ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း၊ တန်းတူရည်တူအခွင့်အရေးမပေးခြင်း စသောမထီမဲ့မြင်ပြုမှုများကို ရှောင်ရှားကြရန်လိုပြီ။ ဘေးကင်းလုံခြုံစိတ်ချရသောပတ်ဝန်းကျင်ရရှိရေးနှင့် ကျန်းမာတက်ကြွသော သက်ကြီးဘဝ (Active and Healthy ageing) ကိုရရှိစေရန် ဖန်တီးပေးကြရမည်။ သက်ကြီးအမျိုးသမီးများတွင် ငုပ်လျှိုးနေသောစွမ်းအားများများစွာကျန်ရှိနေသေးသည်ဖြစ်ရာ ၎င်းတို့ကို ဖော်ထုတ်အသုံးပြုရမည်။ သို့ဖြစ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ဦးဆောင်ရေးဆွဲလျက်ရှိသော၂၀၂၂ ခုနှစ်အလွန် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(National Strategic Plan for the Advancement of Women-NSPAW) Phase II ၏ အဓိကလုပ်ငန်းနယ်ပယ်များတွင် အမျိုးသမီးငယ်များအတွက်သာမက သက်ကြီးအမျိုးသမီးများအတွက်ပါ ထည့်သွင်းရေးဆွဲသင့်ပါကြောင်း အကြံပြုလျက် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကိုဂုဏ်ပြုလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၀၀ ပြည့်နှစ်)**

**ကြည်ထွန်း(လှုမှု)**

## သက်ကြီးရွယ်အိုများနေ့

\- ချစ်စရာ မြန်မာ့ဓလေ့
လှပါပေ့ ပြည်တစ်ခွင်၊
အကြင်နာ ကရုဏာလက်နှင့်
မေတ္တာဖက်ညှိ၊
သက်ကြီးဘိုးဘွား စောင့်ရှောက်အစဉ်
ထောက်ပံ့ဘဝင် နှလုံးကောင်း၊
ကမ္ဘာမှာ ရှားမှရှားတဲ့
မြန်မာ့သားကောင်း။

\- ငယ်ချိန်မှာ ပညာအပေါင်းနှင့်
သင်ကာထိန်းကျောင်း မိဘတွေ၊
ဇရာအို ပျိုကုန်ဆုံးလည်း
အပြုံးတို့ဝေ၊
ကူညီဖေးမ တစ်လှည့်ပြန်စေ
မမဲ့ဆန်ရေ ဂုဏ်ကျေးဇူး၊
ပြုမူပေ သုဝဏ္ဏသာမသို့
စာဂဂုဏ်ထူး။

\- ကောင်းမှုကို မမေ့ဖူးကွဲ့
ဓလေ့ကူးတဲ့ တို့နိုင်ငံ၊
လေးစားရိုသေ သန္ဓေကောင်း
ကိန်းအောင်းကေန်၊
ပရဟိတ ကုသိုလ်အမှန်
ပြုလိုရည်သန် မြတ်ဆန္ဒ၊
ဘိုးဘွားရိပ်သာ ပြည်အနှံ့
ခြေဆန့်ခဲ့ကြ။

\- အချိန်ငွေ ဥစ္စာဓနေ
ထုတ်ကာပဲ့ ဖေးကူရည်၊
ကိုယ်စွမ်းရာ လှမ်းတက်လို့
ထမ်းရွက်ကြမည်၊
ဓလေ့ကောင်းနှင့် မြန်မာပြည်
မှန်စွာတည် လက်ဆင့်ကမ်း၊
အချစ်ကူမလေ
ခေတ်လူတွေ စေတိုက်တွန်း
ဝိုင်းဝန်းကြိုးပမ်း။ ။

(အောက်တိုဘာ ၁ ရက်ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကိုဂုဏ်ပြုရေးဖွဲ့ပါသည်။)

**ခေတ်သစ်(ကြွေပုဂံ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# တောင်ကိုရီးယား၊ အမေရိကန်၊ ဂျပန် သုံးနိုင်ငံရေတပ်စစ်သင်္ဘောများ ရေငုပ်သင်္ဘောချေမှုန်းရေးလေ့ကျင့်မှု ပူးတွဲပြုလုပ်



**ဆိုးလ် စက်တင်ဘာ ၃၀**

တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်ရေတပ်တို့မှ စစ်သင်္ဘောများသည် ယနေ့တွင် ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရေငုပ်သင်္ဘောချေမှုန်းရေးလေ့ကျင့်မှုများကို ပူးတွဲလုပ်ဆောင်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ သုံးနိုင်ငံပူးတွဲ ရေငုပ်သင်္ဘောချေမှုန်းရေး လေ့ကျင့်မှုကို ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန် နိုင်ငံတကာ ရေပြင်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုများနှင့်ပတ်သက်၍ တင်းမာမှုများမြင့်တက်နေချိန်တွင် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ရေငုပ်သင်္ဘောချေမှုန်းရေး ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ သုံးနိုင်ငံပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုမပြုလုပ်မီ တစ်ရက်အလို စက်တင်ဘာ ၂၉ ရက်တွင် မြောက်ကိုရီးယားနိုင်ငံသည် အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့သည်။

၎င်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများသည် မြောက်ကိုရီးယားနိုင်ငံက ငါးရက်တာကာလအတွင်း တတိယအကြိမ်အဖြစ် ပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုဖြစ်ကြောင်း၊ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုအများအပြား ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# ယူကရိန်းနယ်မြေလေးခုကို ရုရှားနယ်မြေသစ်များအဖြစ် သမ္မတပူတင် ကြေညာ

**မော်စကို စက်တင်ဘာ ၃၀**

ရုရှားသမ္မတပူတင်သည် ရုရှားနှင့်ပေါင်းစည်းရေး လူထုဆန္ဒခံယူပွဲများကျင်းပခဲ့သော ယူကရိန်းနယ်မြေလေးခုကို ရုရှားနယ်မြေသစ်များအဖြစ် ယနေ့တွင် ကြေညာလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတပူတင်သည် အဆိုပါ နယ်မြေလေးခုကို ရုရှားအချုပ်အခြာအောက် တရားဝင်ထည့်သွင်းလိုက်သည့်အမိန့်ဒီကရီတစ်ရပ်ကို လက်မှတ်ရေးထိုးပြီးနောက် ၎င်းနယ်မြေများကို ရုရှားနယ်မြေသစ်များအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။

သမ္မတပူတင်က ရုရှားနယ်မြေသစ်များအဖြစ် ကြေညာခဲ့သော ဒွန်းနက်စ်၊ လူးဟန့်စ်၊ ဇာပိုရစ်ဇီယာနှင့် ခါဆန့်ဒေသတို့၏ စုစုပေါင်းအကျယ်အဝန်းသည် ယူကရိန်းတစ်နိုင်ငံလုံးအကျယ်အဝန်း၏ ၁၅ ရာခိုင်နှုန်းထိရှိသည်။

ရုရှားနိုင်ငံ၌ ယခုအခါနယ်မြေသစ်လေးခုရှိလာခဲ့ပြီဖြစ်ရာ ၎င်းနယ်မြေများကို နည်းလမ်းမှန်သမျှအသုံးပြု၍ ကာကွယ်မည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်၌ ကျင်းပသည့် ယူကရိန်းနယ်မြေများ ရုရှားအချုပ်အခြာအောက် ထည့်သွင်းမှုအခမ်းအနား၌ သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားအချုပ်အခြာအောက်ရောက်ရှိလာသည့် နယ်မြေသစ်များကို မည်သည့်အခါတွင်မျှ စွန့်လွှတ်လိမ့်မည်မဟုတ်ကြောင်း သမ္မတပူတင်က သတိပေးခဲ့သည်။

လာမည့် သီတင်းပတ်အတွင်း ရုရှားလွှတ်တော်သည် နယ်မြေသစ်များကို ရုရှားနှင့်ပေါင်းစည်းမှုစာချုပ်များကို အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

KKO



# နော့ဒ်စထရမ်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းစနစ်တိုက်ခိုက်ခံရမှုမှာ အကြမ်းဖက်မှုဖြစ်နိုင်ကြောင်း ရုရှားပြောကြား

**မော်စကို စက်တင်ဘာ ၃၀**

ရုရှားမှ ဓာတ်ငွေ့များကို ဂျာမနီနိုင်ငံသို့ ပေးပို့နေသည့် နော့ဒ်စထရမ်း-၁ ပိုက်လိုင်းစနစ်၌ ဓာတ်ငွေ့များ ယိုစိမ့်နေမှုသည် နိုင်ငံတော်အားပေးအားမြှောက်ပြု အကြမ်းဖက်ဝါဒ၏ အကျိုးဆက်ရလဒ်ဖြစ်နိုင်ကြောင်း ရုရှားအစိုးရက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ဘော်လ်တစ်ပင်လယ်ဖြတ် နော့ဒ်စထရမ်း ပင်လယ်ရေအောက်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစနစ်၌ ဓာတ်ငွေ့များယိုစိမ့်မှုပြဿနာကို ဥရောပသမဂ္ဂက စုံစမ်းစစ်ဆေးနေချိန်တွင် ရုရှားအစိုးရက အထက်ပါအတိုင်း သုံးသပ်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဒိန်းမတ်နှင့် ဆွီဒင်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ဖြစ်ပွားနေသည့် ဓာတ်ငွေ့ယိုစိမ့်မှုများသည် အဖျက်အမှောင့်လုပ်ငန်းတစ်ခုခုနှင့် ဆက်စပ်နေနိုင်ကြောင်း ဥရောပသမဂ္ဂက ယူဆထားသည်။

ဘော်လ်တစ်ပင်လယ်ဖြတ် နော့ဒ်စထရမ်း သဘာဝဓာတ်ငွေ့များ ယိုစိမ့်မှုသည် နိုင်ငံတော်အဆင့် ကျောထောက်နောက်ခံပြု အကြမ်းဖက်ဝါဒ၏ အကျိုးဆက်ဖြစ်ဖွယ်ရှိကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားသည်။

ထို့ပြင် နော့ဒ်စထရမ်းပိုက်လိုင်းစနစ်ကို တိုက်ခိုက်ဖျက်ဆီးမှုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံတစ်နိုင်ငံ၏ ကျောထောက်နောက်ခံမပါဘဲ ဖြစ်လာနိုင်စရာမရှိကြောင်း ဒီမစ်ထရီပက်စကော့ဗ်က သုံးသပ်ပြောကြားခဲ့သည်။

ဓာတ်ငွေ့ယိုစိမ့်မှု စတင်တွေ့ရှိခဲ့ပြီးနောက် လေးရက်ကြာမြင့်လာပြီဖြစ်သည့်တိုင် မည်သည့်တိုက်ခိုက်မှုမျိုးကြောင့် ဓာတ်ငွေ့ယိုစိမ့်မှုများဖြစ်ပွားနေရသည်ကို မသိရှိရသေးကြောင်း သိရသည်။

KKO

➤ ➤ ➤

# အီရန်၏ ရေနံတင်ပို့မှုအပေါ် အမေရိကန်က အရေးယူပိတ်ဆို့မှုအသစ်များ ချမှတ်

**တီဟီရန် စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံ၌ အခြေစိုက်လျက်ရှိသည့် အီရန်ရေနံကုမ္ပဏီများကို ပစ်မှတ်ထားသောအရေးယူပိတ်ဆို့မှုအသစ်များကို အမေရိကန်က ယနေ့တွင် ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အီရန်နိုင်ငံ၏ ၂၀၁၅ နျူကလီးယား သဘောတူညီချက်ကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းနေစဉ် တရုတ်နိုင်ငံအခြေစိုက် အီရန်၏ ရေနံဓာတုနှင့် ရေနံကုန်သွယ်မှုတွင်ပါဝင်ပတ်သက်သည်ဟု စွပ်စွဲခံထားရသည့်ကုမ္ပဏီများကို အမေရိကန်က စက်တင်ဘာ ၂၉ ရက်တွင် အရေးယူပိတ်ဆို့မှုအသစ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

တီဟီရန်အနေဖြင့် ၎င်း၏နျူကလီးယားအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်နေသရွေ့ အီရန်နိုင်ငံ၏ ရေနံနှင့် ရေနံဓာတုရောင်းချမှုအပေါ် အရေးယူပိတ်ဆို့မှုများဆက်လက်အရှိန်မြှင့်သွားမည်ဖြစ်ကြောင်း ဝါရှင်တန်က သတိပေးခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဌာနသည် တောင်အာရှနှင့် အရှေ့အာရှသို့ ဒေါ်လာသန်းရာနှင့်ချီတန်ဖိုးရှိသော အီရန်ရေနံဓာတုနှင့် ရေနံထွက်ပစ္စည်းရောင်းချမှုတွင် ပါဝင်ပတ်သက်နေသည့် ကုမ္ပဏီများ၏ အခြားကွန်ရက်များကိုလည်း ပိတ်ဆို့အရေးယူမှုများချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိတ်ဆို့အရေးယူမှုသည် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဟောင်ကောင်နှင့်အိန္ဒိယရှိ အီရန်ပွဲစားများနှင့် ရှေ့တန်းကုမ္ပဏီများကို ပစ်မှတ်ထားပိတ်ဆို့အရေးယူခြင်းဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

AZH

# ကဘူးလ်မြို့ ပညာရေးစင်တာတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် လူ ၃၂ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိ

**ကဘူးလ် စက်တင်ဘာ ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်ရှိ ပညာရေးစင်တာတစ်ခုတွင် အသေခံဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အနည်းဆုံး လူ ၃၂ ဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကဘူးလ်မြို့တော်ရှိ ကာလရှည်ဖိနှိပ်မှုခံခဲ့ရသော တိုင်းရင်းသားလူနည်းစုများနေထိုင်ရာ ဟာဇာရာရပ်ကွက်ရှိ ကက်ဂျ်အမည်ရှိ ပညာရေးစင်တာကို ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲခန့်တွင် အသေခံဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အနည်းဆုံး လူ ၃၂ ဦးသေဆုံးပြီး ၃၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကဘူးလ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

သေဆုံးသူအများစုမှာ အမျိုးသမီးငယ်များဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့် လက်တွေ့စာမေးပွဲဖြေဆိုချိန်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကာ အဆိုပါတိုက်ခိုက်မှုကို မည်သည့်အဖွဲ့အစည်းက ဆောင်ရွက်သည်ကို မသိရှိရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တာလီဘန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဇဘူလက်ရှ်မူဂျာဟစ်က အဆိုပါတိုက်ခိုက်မှုကို ရှုတ်ချကြောင်း ၎င်းတွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့ကြောင်း သိရသည်။

"ကဘူးလ်မြို့ရှိ ကက်ဂျ်လေ့ကျင့်ရေးစင်တာကို တိုက်ခိုက်မှုဟာ ကြီးလေးတဲ့ ရာဇဝတ်မှုကြီးဖြစ်လို့ ပြင်းပြင်းထန်ထန် ရှုတ်ချပါတယ်။ ဒီဖြစ်ရပ်ကြောင့် သေဆုံးသွားရသူ ကျောင်းသားတွေရဲ့ မိသားစုဝင်တွေကို အလေးအနက်ထားစာနာကြောင်း အာဖဂန်နစ္စတန်တာဝန်ရှိသူတွေကပြောပါတယ်။ ကျူးလွန်သူတွေကိုရှာဖွေပြီး ပြင်းပြင်းထန်ထန် အရေးယူသွားမှာပါ"ဟု ၎င်းက ဆက်လက် ပြောကြားခဲ့ကြောင်း သိရသည်။



အာဖဂန်နစ္စတန်နိုင်ငံတွင် မကြာသေးမီ ရက်သတ္တပတ်များအတွင်း ကဘူးလ်တွင် တိုက်ခိုက်မှုများစွာဖြစ်ပွားခဲ့ပြီး လူဒါဇင်နှင့်ချီ၍သေဆုံးခဲ့ကြောင်းနှင့် ယခုလအစောပိုင်းကလည်း ရုရှားသံရုံးအနီးတွင် အသေခံဗုံးခွဲမှုကြောင့် လူခြောက်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

AZH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဓာတ်ငွေ့ပိုက်လိုင်းများပေါက်ကွဲမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အရေးပေါ်အစည်းအဝေးခေါ်ယူရန် ရုရှားပြောကြား



ရုရှားနိုင်ငံသည် Nord Stream 1 နှင့် 2 ဓာတ်ငွေ့ပိုက်လိုင်းများ ပေါက်ကွဲမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အရေးပေါ်အစည်းအဝေးခေါ်ယူရန်ဆန္ဒရှိကြောင်း ရုရှားနိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Maria Zakharova က စက်တင်ဘာ ၂၈ ရက်တွင် Telegram ပို့စ်တစ်ခု၌ ပြောကြားခဲ့သည်။ ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုဟု အများအပြားက သံသယရှိခဲ့ကြပြီး ယခုသီတင်းပတ်အစောပိုင်းတွင် ဓာတ်ငွေ့ပိုက်လိုင်းနှစ်ခုစလုံး ဆိုးရွားစွာထိခိုက်ပျက်စီးခဲ့သည်။

Nord Stream 1 နှင့် 2 နှစ်ခုစလုံးတွင် Pressure(ဖိအားများ) ဆုံးရှုံးသွားကြောင်း အော်ပရေတာက အကြောင်းကြားပြီးနောက် ဘောလ်တစ်ပင်လယ်ရှိ Born-holm ကျွန်းနှင့် မဝေးသောနေရာတစ်ခုတွင် ပိုက်လိုင်းများမှ ဓာတ်ငွေ့များယိုစိမ့်နေကြောင်း ဒိန်းမတ်အာဏာပိုင်များက အတည်ပြုခဲ့ကြသည်။ နောက်ပိုင်းတွင် ဆွီဒင်နှင့် ဒိန်းမတ် အာဏာပိုင်များက ပင်လယ်ရေအောက်ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ကြသည်။ ဓာတ်ငွေ့ယိုစိမ့်မှုကို အတည်မပြုမီ အဆိုပါပေါက်ကွဲခြင်းများကို စစ်ဆေးတွေ့ရှိခဲ့ခြင်းလည်းဖြစ်သည်။ ပျက်စီးမှုသည် ပိုက်လိုင်းအခြေခံအဆောက်အအုံကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းကြောင့် ဖြစ်နိုင်ကြောင်း ရုရှား၊ အမေရိကန်နှင့် ဆွီဒင်အရာရှိများအားလုံးက တညီတညွတ်တည်း ပြောကြားခဲ့ကြသည်။

ပိုလန် နိုင်ငံခြားရေးဝန်ကြီးဟောင်း Radoslaw Sikorski က ဓာတ်ငွေ့ပိုက်လိုင်းကိုဖျက်ဆီးခဲ့သည့်အတွက် ၎င်း၏တွစ်တာတွင် “Thank USA” ဟူ၍ ရေးသားထားသော်လည်း ဖြစ်ရပ်နောက်ကွယ်မှ သံသယရှိသူများကို တရားဝင်အမည်တပ်ထားခြင်း မရှိသေးကြောင်း၊ အဆိုပါဖြစ်ရပ်ကို ရုရှားကလည်း အမေရိကန်အားဖြစ်နိုင်ခြေရှိသော သံသယရှိသူအဖြစ် ခေါင်းစဉ်တပ်ခဲ့ကြောင်း သိရသည်။

အဆင့်မြင့် ဂျာမနီလွှတ်တော်အမတ်များသည် ဥရောပနိုင်ငံသားများကြား မသေချာမရေရာမှုဖြင့် သွေးထိုးလှုံ့ဆော်ခြင်းတစ်ရပ်အဖြစ် ကြိုးပမ်းခြင်းဖြစ်သည်ဟု စွပ်စွဲပြီး ရုရှားနိုင်ငံကို လက်ညှိုးထိုးအပြစ်ဖို့ခဲ့သည်။

ရုရှား၏ ရေအောက်ပိုက်လိုင်းများ အထူးသဖြင့် Nord Stream 2 ကို ယူကရိန်းသို့ တပ်ဖွဲ့များစေလွှတ်သောအခါ အနောက်နိုင်ငံများ၏ အစဉ်တစိုက် ခြိမ်းခြောက်မှုခံခဲ့ရသည်။ ၎င်းသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလကတည်းက ဓာတ်ငွေ့ပေးပို့ရန် အဆင်သင့်ဖြစ်ခဲ့သော်လည်း ဂျာမနီက အသိအမှတ်ပြုရန် ငြင်းဆိုမှုကြောင့် လုပ်ငန်းလည်ပတ်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ပိုလန်သမ္မတ Andrzej Duda သည် ဓာတ်ငွေ့ပိုက်လိုင်းကို လုံးဝဖျက်သိမ်းပစ်ရန် ပြီးခဲ့သည့်လက တောင်းဆိုခဲ့သည်။ ရုရှား၏အထူးစစ်ဆင်ရေး မစတင်မီက ယူကရိန်းကိုကျူးကျော်ပါက Nord Str-eam 2 ရှိတော့မည်မဟုတ်ကြောင်း အမေရိကန် သမ္မတဂျိုးဘိုင်ဒင်က သတိပေးခဲ့ဖူးသည်။

**Russia issues emergency call to UN Security Council ကို ဘာသာပြန်ဆိုပါသည်။**

## တောင်ကိုရီးယားထောက်လှမ်းရေးအေဂျင်စီက မြောက်ကိုရီးယား နျူကလီးယားလက်နက်စမ်းသပ်နိုင်မှု ခန့်မှန်းချက်ထုတ်ပြန်

မြောက်ကိုရီးယားနိုင်ငံသည် အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၇ ရက်အတွင်း တစ်ချိန်ချိန်တွင် နျူကလီးယားလက်နက်ကို စမ်းသပ်နိုင်သည်ဟု ခန့်မှန်းချက်ထုတ်ပြန်ခဲ့ကြောင်း တောင်ကိုရီးယားလွှတ်တော်အမတ်တစ်ဦးက ၎င်းတို့၏နိုင်ငံခြားထောက်လှမ်းရေးအေဂျင်စီကို ကိုးကား၍ သုံးသပ်ပြောကြားခဲ့သည်။

အဆိုပါသုံးသပ်မှုသည် အမျိုးသားထောက်လှမ်းရေးဌာန (NIS) က ပါလီမန်ထောက်လှမ်းရေးကော်မတီထံ ပြောကြားခဲ့သော တံခါးပိတ်သတင်းစာရှင်းလင်းပွဲ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ယူဆရသည်။ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့တွင် ပါဝင်ခဲ့သည့် အာဏာရပြည်သူ့ပါတီမှ ဥပဒေပြုအမတ် Yoo Sang-beom က စက်တင်ဘာ ၂၈ ရက်တွင် အဆိုပါသတင်းအချက်အလက်ကို လူသိရှင်ကြားထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် အမေရိကန်တွင် စီစဉ်ထားသော နိုင်ငံရေးဆိုင်ရာဖြစ်ရပ်များ ကျင်းပမည့်ရက်များကိုအခြေခံ၍ နျူကလီးယားစမ်းသပ်နိုင်မည့် အချိန်ဇယားကိုဖော်ထုတ်ခဲ့ကြောင်း လွှတ်တော်အမတ်က ရှင်းပြသည်။ အောက်တိုဘာ ၁၆ ရက်တွင် တရုတ်ကွန်မြူနစ်ပါတီသည် ၎င်း၏ အကြိမ် ၂၀ မြောက် အမျိုးသားကွန်ဂရက်ညီလာခံကို စတင်မည်ဖြစ်ပြီး နိုဝင်ဘာ ၇ ရက်သည် အမေရိကန်နိုင်ငံတွင် ကြားဖြတ်ရွေးကောက်ပွဲအကြိုနေ့ဖြစ်သည်။

Punggye-ri စမ်းသပ်ရေးကွင်းအတွင်း မကြာသေးမီက Tunnel 3 ပြီးစီးမှုကြောင့် စမ်းသပ်မှုတစ်ခုဖြစ်နိုင်ခြေပိုများလာသည်ဟု ထောက်လှမ်းရေးအေဂျင်စီက အခိုင်အမာပြောကြားခဲ့မှုအပေါ် ကိုးကား၍ Yoo က သတင်းထောက်များကို ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှု ခြောက်ကြိမ်ကို ၂၀၀၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း မြောက်ဘက်စွန်း Hamgyong ပြည်နယ်ရှိ မြေအောက်စက်ရုံတွင်ပြုလုပ်ခဲ့သည်။ ဗြိုဟ်တုဓာတ်ပုံများကိုအခြေခံ၍ စမ်းသပ်မှုအသစ်အတွက် တောင်ပိုင်းဥမင်အမှတ် (၃) သည် အပြည့်အဝ အဆင်သင့်ဖြစ်နေပြီဟု မြောက်ကိုရီးယား စောင့်ကြည့်လေ့လာနေသူများက ယခုနှစ် ဇွန်လတွင် သုံးသပ်ခဲ့သည်။



ပြီးခဲ့သည့်သီတင်းပတ်က တောင်ကိုရီးယားသည် ဂျပန်ပင်လယ်တွင် မြောက်ကိုရီးယားက တာတိုပစ်ပဲ့ထိန်းဒုံးကျည်စမ်းသပ်ခဲ့ကြောင်း သတင်းပို့ခဲ့သည်။ အမေရိကန် ဒုတိယသမ္မတ Kamala Harris သည် ဒေသတွင်းမဟာမိတ်များဖြစ်သော ဂျပန်နှင့် တောင်ကိုရီးယားသို့ အလည်အပတ် ရောက်ရှိလာစဉ်တွင် အဆိုပါပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**South Korean spy agency makes nuclear test prediction – MP ကို ဘာသာပြန်ဆိုပါသည်။**

## Elbit Systems က ထိုင်းတော်ဝင်ရေတပ်သို့ Hermes 900 UAS များပံ့ပိုးပေးရန် ကန်ဒေါ်လာ သန်း ၁၂၀ တန် စာချုပ်ချုပ်ဆို

Elbit Systems Ltd သည် Hermes 900 Maritime Unmanned Aircraft Systems (UAS) နှင့် ထိုင်းတော်ဝင်ရေတပ်ကို လေ့ကျင့်ရေးစွမ်းရည်များ ပံ့ပိုးပေးရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၁၂၀ တန်ကြေးရှိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက်က ကြေညာခဲ့သည်။ စာချုပ်သည် သုံးနှစ်တာကာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



စာချုပ်အရ Elbit Systems သည် ထိုင်းတော်ဝင်ရေတပ်ကို ပင်လယ်ရေကြောင်းသုံး ရေဒါ၊ Electro Optic pay-load၊ ဂြိုဟ်တုဆက်သွယ်ရေး၊ ပြန်လည်ဆင်းသက်ရာတွင် ဆယ်တင်ရေးဖောင် (Droppable Inflated Life Rafts) နှင့် အခြားစွမ်းရည်များပါရှိသော Hermes 900 Maritime UAS မောင်းသူမဲ့ လေယာဉ်စနစ်ကို ပံ့ပိုးပေးမည်ဖြစ်သည်။

ထိုင်းတော်ဝင်ရေတပ်သည် ရေပြာရေတပ်နှင့် မည်သည့်ရည်မှန်းချက်တာဝန်မဆို ပေးအပ်နိုင်မည့် စစ်သင်္ဘောများဖြင့် ဖြန့်ကြက်လုပ်ဆောင်နေခြင်းဖြစ်ရာ ကျယ်ပြန့်သော ပင်လယ်ရေပြင်နှင့် ရှည်လျားသော ကမ်းရိုးတန်းများကို လွှမ်းခြုံထားပြီး စစ်ဆင်ရေးရေယာဉ်များနှင့် ချိတ်ဆက်၍ ပင်လယ်ရေကြောင်းရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့် သံသယဖြစ်ဖွယ် လုပ်ဆောင်မှုများ၊ ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကိုဖော်ထုတ်ခြင်း စသည့်အရပ်ဘက်တာဝန်များကိုပါ ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

Hermes 900 UAS အုပ်စုကို အစ္စရေး၊ ယူကေ၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ ဘရာဇီး၊ ချီလီ၊ မက္ကဆီကိုနှင့် အခြားနိုင်ငံများအပါအဝင် သုံးစွဲသည့်နိုင်ငံ ၂၀ ကျော်က ယနေ့ထိ ရွေးချယ်ဝယ်ယူထားကြသည်။ နည်းပညာခေတ်မီမှု၊ ယုံကြည်စိတ်ချရမှု၊ စနစ်မျိုးစုံ ပေါင်းစပ်တပ်ဆင်နိုင်မည့် ဖွဲ့စည်းပုံ (Open Architecture) နှင့် ခိုင်မာသော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတို့သည် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် မောင်းသူမဲ့လေယာဉ်စနစ် အမျိုးအစားဖြစ်သည်။

“ဒါဟာ UAS ရဲ့ Hermes မိသားစုအတွက် နောက်ထပ်ယုံကြည်မှုတစ်ခုပါပဲ။ စစ်ဆင်ရေးနယ်ပယ်တစ်လျှောက် တိုက်ပွဲဝင် တပ်ဖွဲ့ဝင်တွေရဲ့ စစ်ဆင်ရေးဆိုင်ရာ လုပ်ဆောင်ချက်တွေနဲ့ ထိရောက်စွာ ပေါင်းစည်းနိုင်တဲ့ ကျွန်ုပ်တို့ရဲ့မောင်းသူမဲ့ လေယာဉ်စနစ် ဖြေရှင်းနည်းလမ်းတွေအတွက် ကမ္ဘာတစ်ဝန်းက ဝယ်လိုအား တိုးတက်လာလျက်ရှိပါတယ်။ ပြောင်းလဲလာတဲ့ ခြိမ်းခြောက်မှုအမျိုးမျိုးကို ကိုင်တွယ် ဖြေရှင်းနိုင်စွမ်းရှိတဲ့ စနစ်တစ်ခုပါပဲ” ဟု Elbit Systems Aerospace ၏ အထွေထွေမန်နေဂျာ YoramShmuely က ပြောကြားခဲ့သည်။

**Elbit Systems awarded a $120 Million contract to supply Her-mes 900 UAS to the Royal Thai Navy ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ်(၉) ပွဲကြိုသုံးသပ်ချက်

ML

**လိဒ်** Vs **အေဗီလာ**

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၂ (ည ၁၀:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၁ - ၀ လိဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိဒ် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| အေဗီလာ | - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(နိုင်) |

အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်တဲ့ လိဒ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်ကို အနိုင်ရဖို့ ဖိအားပေးလာမှာ သေချာပါတယ်။ အေဗီလာအသင်းကတော့ ပုံစံကောင်းပြန်လည်ရရှိခဲ့ပေမဲ့ ဒဏ်ရာရကစားသမားများနေတဲ့အပြင် အဝေးကွင်းဆိုရင်ခံစစ်ပိုင်းက အမှားများနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိနေတဲ့ လိဒ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လိဒ် ၂ - ၁ အေဗီလာ**

### အီတလီစီးရီးအေ ပွဲစဉ် (၈) ပွဲကြိုသုံးသပ်ချက်များ

ML

**အတ္တလန်တာ** Vs **ဖီအိုရင်တီးနား**

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၂ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖီအိုရင်တီးနား ၁ - ၀ အတ္တလန်တာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| ဖီအိုရင်တီးနား | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

အတ္တလန်တာအသင်းဟာ ကစားသမားစုဖွဲ့မှုကောင်းမွန်တဲ့အပြင် အသင်းလိုက်ကစားအားကောင်းနေတာကြောင့် တိုက်စစ်ပိုင်းက ဂိုးမြူးနေတာဖြစ်ပါတယ်။ ဖီအိုရင်တီးနားအသင်းကတော့ လက်ရှိ အိမ်ကွင်းကစားပုံတည်ငြိမ်ပေမဲ့ အဝေးကွင်းရလဒ်ပိုင်းကတော့ ကျဆင်းနေဆဲဖြစ်တာကြောင့် အိမ်ကွင်းတိုက်စစ်ကောင်းတဲ့ အတ္တလန်တာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အတ္တလန်တာ ၂ - ၀ ဖီအိုရင်တီးနား**

**ဆက်ဆူအိုလို** Vs **ဆလာနီတာနာ**

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၂ (ည ၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆလာနီတာနာ ၂ - ၂ ဆက်ဆူအိုလို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ဆလာနီတာနာ | - | အိမ်(သရေ) | ဝေး(သရေ) | အိမ်(ရှုံး) |

ဆက်ဆူအိုလိုအသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ရလဒ်ပိုင်းဆိုးရွားနေပေမဲ့ အခုလို အသင်းငယ်နဲ့တွေ့ချိန်မှာ နိုင်ပွဲရဖို့ကြိုးစားမှာသေချာပါတယ်။ လက်ရှိ ဆလာနီတာနာအသင်းအနေနဲ့ အသင်းလိုက်ကစားအားရှိပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးများနေလို့ အခုပွဲစဉ်မှာ ဆက်ဆူအိုလိုတိုက်စစ်ကို ဟန့်တားဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဆက်ဆူအိုလိုကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆက်ဆူအိုလို ၂ - ၁ ဆလာနီတာနာ**

### အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက လာမည့်ရာသီကုန်တွင် ထွက်ခွာမည့် နည်းပြ အန်ဆယ်လော့တီ၏နေရာတွင် နည်းပြတူချယ်နှင့် အစားထိုးရန် ပြင်ဆင်နေကြောင်း သိရသည်။
- အမေရိကန် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သည့် KAM Sports ကုမ္ပဏီက ပရီးမီးယားလိဂ်ကလပ် အဲဗာတန်အသင်းကို ဝယ်ယူရန်ဆွေးနွေးလျက်ရှိပြီး သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများထွက်ပေါ်နေသည်။
- ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ဘက်စ်ကွက်၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ဝုဗ်ကွင်းလယ်ကစားသမား ရှုဝင်နီဗက်ကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ML

## စက်တင်ဘာလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများကို မန်ယူအသင်းမှ နည်းပြ တန်ဟတ်နှင့် တိုက်စစ်မှူးရက်ရှ်ဖို့ဒ်တို့ရရှိ



**မန်ချက်စတာ စက်တင်ဘာ ၃၀**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်ချီးမြှင့်သည့် စက်တင်ဘာလအတွက် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံးဆုများကို မန်ယူအသင်းမှ နည်းပြ တန်ဟတ်နှင့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်တို့က ဆွတ်ခူးရရှိခဲ့သည်ဟု မန်ချက်စတာ ညနေခင်းသတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့ကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်အနေဖြင့် စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးဆုကို ဘုန်းမောက်အသင်းမှ ဘယ်လင်း၊ မန်စီးတီးအသင်းမှ ဒီဘရိုင်း၊ စပါးအသင်းမှ ဟယ်ရီကိန်း၊ အဲဗာတန်အသင်းမှ အီဝိုဘီနှင့် အေဗီလာအသင်းမှ ဂျက်ကော့ရမ်ဆေးတို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် စက်တင်ဘာလအတွင်းကစားခဲ့သည့် ပွဲစဉ်နှစ်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး လက်စတာအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးနှင့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး နှစ်ပွဲကစားပြီး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့သဖြင့် စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို နည်းပြ တန်ဟတ်က စပါးအသင်းနည်းပြ ကွန်တီနှင့် ဘုန်းမောက်အသင်းနည်းပြ အိုနေးတို့ကိုကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ပြီး မန်ယူအသင်းကို ကိုင်တွယ်ခဲ့သည့် နှစ်လတာအချိန်တွင် ပထမဆုံးအကြိမ် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ တန်ဟတ်သည် မန်ယူအသင်းကို ယခုနှစ်ဘောလုံးရာသီတွင် စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရာသီအစ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များပြန်လည်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး လိဂ်လေးပွဲဆက်နိုင်ပွဲပြန်လည်ရရှိခဲ့ပြီး စက်တင်ဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ်နှစ်ပွဲစလုံးကို နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## မာတီနက်ဇ်ကိုခေါ်ယူမည့် မန်ယူအသင်း၏ကမ်းလှမ်းမှု အေဗီလာအသင်းငြင်းပယ်

**လန်ဒန် စက်တင်ဘာ ၃၀**

မန်ယူအသင်းသည် အေဗီလာအသင်းတွင် လက်စွမ်းပြသနေသည့် ဂိုးသမား မာတီနက်ဇ်ကို ဒီဂီယာ၏နေရာတွင် အစားထိုးရန်အတွက် ကမ်းလှမ်းခဲ့ရာ အေဗီလာအသင်းက ငြင်းပယ်ခဲ့ကြောင်း Football-insider.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းမှ ပထမဦးစားပေးဂိုးသမား ဒီဂီယာသည်လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် သေချာနေပြီး အရန်ဂိုးသမားဟန်ဒါဆင်မှာလည်း နော့တင်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ထားရသဖြင့် မန်ယူအသင်းတာဝန်ရှိသူများက အေဗီလာအသင်း ဂိုးသမား မာတီနက်ဇ်ကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ကမ်းလှမ်းခဲ့ရာ အေဗီလာအသင်းက ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၀ နှစ်ရှိ ဂိုးသမား မာတီနက်ဇ်သည် ၂၀၁၉ ခုနှစ်က အာဆင်နယ်အသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် လက်စွမ်းပြကစားနိုင်ခဲ့သဖြင့် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲတွင် ပင်နယ်တီကာကွယ်မှု နှစ်ကြိမ်ပြုလုပ်၍ အသင်းကို ၁၁ ပွဲထိ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုကိုခံခဲ့ရပြီး လက်ရှိတွင် ထိပ်သီးကလပ်များ၏ ခေါ်ယူမှုမှ ကာကွယ်နိုင်ရန် မာတီနက်ဇ်ကို စာချုပ်သက်တမ်းတိုး၍ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းထိ တိုးမြှင့်ရန်စီစဉ်လျက်ရှိသည်။

ဂိုးသမား မာတီနက်ဇ်သည် အာဆင်နယ်လူငယ်အကယ်ဒမီထွက် ကစားသမားဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် အသင်းကြီးနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် အောက်စ်ဖို့ဒ်အသင်း၊ ရှက်ဖီးလ်အသင်း၊ ရိုသာဟမ်အသင်း၊ ဝုဗ်အသင်း၊ ဂီတာဖေးအသင်း၊ ရီဒင်းအသင်းတို့တွင် အငှားစာချုပ်ဖြင့်သာ ကျင်လည်ခဲ့ရသဖြင့် ၂၀၁၉ ခုနှစ်တွင် အသင်းမှထွက်ခွာခွင့်တောင်းဆိုခဲ့ပြီး အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်းသိရသည်။

ML




## ကမ္ဘာ့ဖလားပြိုင်ပွဲကြည့်ရှုမည့်ပရိသတ်များကို ကိုဗစ်-၁၉ စစ်ဆေးမှုပြုလုပ်မည်ဟု ကာတာထုတ်ပြန်

**ဒိုဟာ စက်တင်ဘာ ၃၀**

လာမည့် နိုဝင်ဘာလတွင်ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ လာရောက်ကြည့်ရှုမည့် ပရိသတ်များကို ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံထားမှု ရှိ၊ မရှိနှင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ကာတာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကာတာနိုင်ငံသို့လာရောက်မည့် အားကစားပရိသတ်များကို အသက်ခြောက်နှစ်နှင့်အထက်ကို နိုင်ငံအတွင်းမရောက်ရှိမီ ၄၈ နာရီအတွင်း ကိုဗစ်-၁၉ ရှိ၊ မရှိ စစ်ဆေးထားသည့်ရလဒ်နှင့် ရောဂါကာကွယ်ဆေး ထိုးနှံထားခြင်း ရှိ၊ မရှိကို စစ်ဆေးသွားမည်ဖြစ်ပြီး PCR ဖြင့်စစ်ဆေးမှုကို တရားဝင်ကျန်းမာရေးစင်တာမှ စစ်ဆေးမှုသာမက ပုဂ္ဂလိက ကျန်းမာရေးစင်တာများမှ စစ်ဆေးထားသည့် ရလဒ်များကိုလည်း လက်ခံသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အသက် ၁၈ နှစ်နှင့်အထက် ဧည့်သည်များကိုလည်း ၎င်းတို့ကိုင်ဆောင်သည့် ဖုန်းများတွင် အစိုးရက သတ်မှတ်ထားသည့် Ehteraz ခေါ် အက်ပလီကေးရှင်းကိုအသုံးပြု၍ အဆိုပါ အက်ပလီကေးရှင်းတွင် ရောဂါပိုးမရှိကြောင်း အတည်ပြုချက်ကို ပြသနိုင်မှသာ နိုင်ငံအတွင်း ဝင်ထွက်သွားလာမှုများ ပြုလုပ်ရမည်ဖြစ်ပြီး ရောဂါပိုးစစ်ဆေးတွေ့ရှိသူများအနေဖြင့် သတ်မှတ်ထားသည့်နေရာများတွင် သီးသန့်စောင့်ကြည့်ခံရမည်ဖြစ်ကြောင်း ကာတာ ကျန်းမာရေးအာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။

ကာတာနိုင်ငံအနေဖြင့် နိုဝင်ဘာ ၁၈ ရက်တွင်ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လာရောက်ကြည့်ရှုမည့် လူဦးရေကို ၁ ဒသမ ၂ သန်းကျော်ထိ ခန့်မှန်းထားသောကြောင့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်ကို ကြိုတင်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# တိုက်စစ်မှူးအန်ကူကူ ချဲလ်ဆီးအသင်းသို့ပြောင်းရွှေ့ရန် ပြင်ဆင်နေဟုဆို



**လန်ဒန် အောက်တိုဘာ ၃၀**

လိုက်ပ်ဇစ်အသင်းတိုက်စစ်မှူး အန်ကူကူသည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက ဥရောပ ကလပ်အသင်းကြီးများ၏ ကမ်းလှမ်းမှုကိုရရှိခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီ ကုန်ဆုံးချိန်ထိ အသင်းတွင် ကစားသွားရန်ဆုံးဖြတ်ခဲ့ပြီး လာမည့်နှစ်တွင် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့သည် ကစားသမားခေါ်ယူမှုများတွင် ဆက်ဆံရေးကောင်းများရှိသဖြင့် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလက တိုက်စစ်မှူး တီမိုဝါနာသည် လိုက်ပ်ဇစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းအနေဖြင့် တိုက်စစ်မှူး တစ်ဦးခေါ်ယူရန်ကြိုးပမ်းလျက်ရှိရာ အန်ကူကူသည် ချဲလ်ဆီးအသင်းသို့ရောက်ရှိရန်သေချာနေသကဲ့သို့ ကစားသမားကိုယ်တိုင်ကလည်း ချဲလ်ဆီးအသင်းနှင့် ပူးပေါင်းရန်အတွက် ယခုလအတွင်း လိုအပ်သည့်ဆေးစစ်မှုများကြိုတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး အန်ကူကူသည် လိုက်ပ်ဇစ်အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်း၏ ခြေစွမ်းပိုင်းကြောင့် ဥရောပကလပ်အသင်းကြီးများက စိတ်ဝင်စားနေသဖြင့် အသင်းတာဝန်ရှိသူများက ယခုနှစ်ဘောလုံးရာသီတွင် လက်မလွှတ်လိုသောကြောင့် ကစားသမားနှင့်ဆွေးနွေးခဲ့ရာ အန်ကူကူ အနေဖြင့် အသင်းတွင် တစ်ရာသီ ကစားသွားမည်ဖြစ်သော်လည်း ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အသင်းမှထွက်ခွာခဲ့ပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၆၀ ဖြင့် ခွင့်ပြုပေးရမည်ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် တိုက်စစ်ပိုင်းတွင် လူကာကူကို အင်တာမီလန်အသင်းသို့ နှစ်ရာသီ အငှားစာချုပ်ဖြင့်လည်းကောင်း၊ တိုက်စစ်မှူး တီမိုဝါနာကို လိုက်ပ်ဇစ်အသင်းသို့ အပြီးသတ်ဝယ်ယူခွင့်ပါသည့် အငှားစာချုပ်ဖြင့် လည်းကောင်း ပြောင်းရွှေ့ခွင့် ပြုခဲ့သော်လည်း အသင်းအနေဖြင့် တိုက်စစ်ပိုင်း ပြန်လည် ဖြည့်တင်းနိုင်ခြင်းမရှိသဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး အသင်းအနေဖြင့် နည်းပြတူချယ်လ်ကိုထုတ်ပယ်၍ နည်းပြ ဂရေဟမ်ပေါ်တာကို ခန့်အပ်ခဲ့ပြီးနောက် တိုက်စစ်မှူး အန်ကူကူသည် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် သေချာခဲ့ကြောင်း သိရသည်။

ML

# ၂၀၂၂ ဗီယက်နမ်အိုးပင်းကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ မလေးရှားကြက်တောင်မယ်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရ

**ရန်ကုန် အောက်တိုဘာ ၃၀**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၂ ဗီယက်နမ်အိုးပင်း ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်အဆင့် ပွဲစဉ်တွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် မလေးရှား နံပါတ်(၁) ကြက်တောင်မယ် ကီဆိုနာကို နှစ်ပွဲတစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် သက်ထားသူဇာအနေဖြင့် ပထမပွဲငယ်တွင် အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ၂၁ မှတ် ၁၆ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် အနည်းငယ်အမှားအယွင်းများရှိခဲ့သည်ကို ကီဆိုနာက အကောင်းဆုံးအသုံးချနိုင်ခဲ့ပြီး အမှတ်ကွာဟမှုမရှိဘဲ ၁၈ မှတ် ၂၁ မှတ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။

ထို့နောက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ် ဆက်လက်ယှဉ်ပြိုင်ကစားရာ နှစ်ဦးစလုံး အပြန်အလှန် ဖိအားပေးနိုင်ခဲ့ပြီး သက်ထားသူဇာက ပွဲအစပိုင်းတွင် အကောင်းဆုံးဖိအားပေး၍ ရမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကီဆိုနာက




ပြန်လည်အသာစီးရရှိခဲ့သောကြောင့် ၁၈ မှတ် ၂၁မှတ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ STA

# စက်တင်ဘာလအတွက် အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့် (၁၅၈) နှင့် အာဆီယံအဆင့် (၆) တွင် ဆက်လက်ရပ်တည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က စက်တင်ဘာလအတွက် လက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာ့လက်ရွေးစင် အသင်းအနေဖြင့် ကမ္ဘာ့အဆင့်(၁၅၈)နှင့် အာဆီယံအဆင့် (၆) နေရာတွင် ဆက်လက် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အစောပိုင်းက နိုင်ငံတကာပွဲစဉ်များ ကစားခဲ့ခြင်းမရှိခဲ့ဘဲ ယခုလမှသာ ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး တစ်ပွဲရှုံး တစ်ပွဲသရေရလဒ် ရရှိထားသည့်အတွက် စက်တင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အပြောင်းအလဲမရှိခဲ့ဘဲ အဆင့် (၁၅၈) နေရာတွင် ဆက်လက်ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်အာဆီယံဒေသတွင်းအသင်းများတွင် အဆင့်အပြောင်းအလဲအများအပြားရှိခဲ့ပြီး ဗီယက်နမ်အသင်း၊ ဖိလစ်ပိုင်အသင်း၊ မလေးရှားအသင်း၊ အင်ဒိုနီးရှားအသင်းနှင့် တီမောလက်စ်တေအသင်းတို့က ကမ္ဘာ့အဆင့်များမြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းနှင့် လာအိုအသင်း တို့က အဆင့်နိမ့်ကျခဲ့ကာ ကျန်အသင်းများအနေဖြင့် အဆင့်အပြောင်းအလဲမရှိခဲ့ဘဲ ဆက်လက်ရပ်တည်ခဲ့ကြသည်။

စက်တင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ရာတွင် ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၉၆)နှင့် အာဆီယံအဆင့်(၁)၊ ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၁၁)နှင့်အာဆီယံအဆင့်(၂)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၁၃၃)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၄၇)ဖြင့် အာဆီယံအဆင့် (၄)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၁၅၂)ဖြင့် အာဆီယံအဆင့် (၅)၊ မြန်မာ့လက်ရွေးစင်အသင်းက ကမ္ဘာ့အဆင့်(၁၅၈)ဖြင့် အာဆီယံအဆင့် (၆)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၅၉) ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့် (၁၇၇)ဖြင့် အာဆီယံအဆင့်(၈)၊ လာအိုအသင်းက ကမ္ဘာ့အဆင့် (၁၈၇)ဖြင့် အာဆီယံအဆင့်(၉)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့် (၁၉၀)ဖြင့် အာဆီယံအဆင့် (၁၀) နှင့် တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၉၇)ဖြင့် အာဆီယံအဆင့်(၁၁) တွင် အသီးသီးရပ်တည်ခဲ့ကြကြောင်း သိရသည်။

STA

# စပိန်လာလီဂါ ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်များ

STA

## အက်စပန်ညို Vs ဗလင်စီယာ

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၂ (ည ၆:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အက်စ်ပန်ညို ၁ - ၁ ဗလင်စီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အက်စ်ပန်ညို** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ဗလင်စီယာ** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

နှစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ အက်စ်ပန်ညိုအသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိဘဲ ရုန်းကန်နေရလို့အိမ်ရှင်အားသာချက်နဲ့ ကစားရမှာပါ။ ဗလင်စီယာအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာရလဒ်ပိုင်းကောင်းမွန်နေသလို တွေ့ဆုံမှုတိုင်းအသာစီးရရှိထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးရနေတဲ့ ဗလင်စီယာအသင်းပဲ ရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း – အက်စ်ပန်ညို ၁ – ၂ ဗလင်စီယာ**

## ဂျီရိုနာ Vs ဆိုစီဒက်

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၂ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီရိုနာ ၀ - ၀ ဆိုစီဒက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဂျီရိုနာ** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ဆိုစီဒက်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

နှစ်ပွဲဆက်နိုင်ပွဲရယူထားတဲ့ ဆိုစီဒက်အသင်းရဲ့ ခြေစွမ်းပိုင်းက ပြန်လည်ကောင်းမွန်လို့ ဂျီရိုနာအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဂျီရိုနာအသင်းကလဲ ဆိုစီဒက်အသင်းနဲ့တွေ့ဆုံတိုင်း တစ်ကြိမ်မှအနိုင်ရရှိခြင်းမရှိသေးပါဘူး။ ဒါကြောင့် ဒီပွဲမှာအဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ဆိုစီဒက်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း – ဂျီရိုနာ ၀ – ၂ ဆိုစီဒက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၈) ပွဲကြိုသုံးသပ်ချက်များ

STA

## ဟာသာဘာလင် Vs ဟော့ဖန်ဟိမ်း

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၂ (ည ၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟာသာဘာလင် ၃ - ၀ ဟော့ဖန်ဟိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဟာသာဘာလင်** | – | **အိမ်(သရေ)** | **ဝေး(သရေ)** | **ဝေး(နိုင်)** |
| **ဟော့ဖန်ဟိမ်း** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |

အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဟာသာဘာလင်အသင်းအနေနဲ့ အခုပွဲစဉ်ကို အသာစီးကနေ ဖိအားပေးကစားနိုင်မှာပါ။ ဟော့ဖန်ဟိမ်းအသင်းရဲ့ လက်ရှိ အဝေးကွင်းခြေစွမ်းပိုင်းကလဲ အားရစရာမရှိသလို အဝေးကွင်းခံစစ်ပိုင်းကလဲ စိတ်ချလို့မရလို့ အိမ်ရှင်အားသာချက်ရှိတဲ့ ဟာသာဘာလင်အသင်းကို အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဟာသာဘာလင် ၁ – ၀ ဟော့ဖန်ဟိမ်း**

## ရှော့လ်ကေး Vs အော့စ်ဘတ်

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၂ (ည ၁၀:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရှော့လ်ကေး ၁ - ၁ အော့စ်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရှော့လ်ကေး** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |
| **အော့စ်ဘတ်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

သုံးပွဲဆက်နိုင်ပွဲရယူပြီး ဘိုင်ယန်မြူးနစ်အသင်းကိုတောင်အနိုင်ရရှိထားတဲ့ အော့စ်ဘတ်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေတာကြောင့် အဝေးကွင်းဆိုပေမဲ့ ဖိအားပေးကစားနိုင်မှာပါ။ ရှော့လ်ကေးအသင်းရဲ့ လက်ရှိ ခြစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိတာကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ အော့စ်ဘတ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း – ရှော့လ်ကေး ၀ – ၁ အော့စ်ဘတ်**

# အသက်သွေးချွေး ပေးဆပ်ကာ

မောင်စိန်အိ(နဘဲမြေ)

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့သည် (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။ ရှေးခေတ် မြန်မာဘုရင်များလက်ထက်ကတည်းကပင် မြို့ဝန်နှင့်ရွာသူကြီးများလက်အောက်တွင် ဒေသရဲတပ်ဖွဲ့ကိုဖွဲ့စည်းထားခဲ့သည်။ ထိုစဉ်က ရဲတပ်ဖွဲ့ဝင်များကို စစ်ဘက်အရန်တပ်ဖွဲ့ဝင်များဟုလည်း ခေါ်ဆိုခဲ့သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့စဉ် ကိုလိုနီတို့က ၁၈၈၅ ခုနှစ်တွင် ၎င်းတို့၏ ရဲတပ်ဖွဲ့စနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဗမာ့ရဲတပ်ဖွဲ့ (Burma Police)ဟုခေါ်ဆိုခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့(People's Police Force) အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် လက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (Myanmar Police Force) အဖြစ်သို့ ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့သည်။

**ဦးတည်ချက်နှင့်လုပ်ငန်းတာဝန်များ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ရပ်ရွာသာယာဝပြောရေးလုပ်ငန်းများကို ထမ်းဆောင်သွားရန် ဦးတည်ချက်များချမှတ်ထားရှိသည်။ ထိုဦးတည်ချက်များနှင့်အညီ ရာဇဝတ်မှုများကို တားဆီးနှိမ်နင်းခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲဆိုခြင်း၊ ငြိမ်ဝပ်ပိပြားမှုကိုထိန်းသိမ်းခြင်း၊ ပြည်သူ့လုံခြုံမှုနှင့်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် သစ္စာ၊ သမာဓိ၊ သတ္တိပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အမိန့်နာခံမှု၊ စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စွမ်းရည် လေးရပ်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှု၊ ပြည်သူကိုကူညီစောင့်ရှောက်နိုင်မှုနှင့် ရဲကျင့်ဝတ်များကိုလိုက်နာကျင့်သုံးမှုတို့ကိုလည်း ကြိုးပမ်းဖြည့်ဆည်းလျက်ရှိကြသည်။

**ကြိုးပမ်းဆောင်ရွက်မှုများ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တစ်မျိုးသားလုံးကိုခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုတို့ကို ချေမှုန်းနိုင်ရေးအတွက် အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တာဝန်သိပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုသည် များစွာအထောက်အကူပြုလျက်ရှိသည်။ တာဝန်သိပြည်သူများ၏ သတင်းပေးမှုများကြောင့် လွန်ခဲ့သောနှစ်အတွင်း မူးယစ်ဆေးဝါးအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ထို့ပြင် အသိပညာဗဟုသုတနည်းပါးသည့်အချို့သော အမျိုးသမီးငယ်များကိုခြိမ်းခြောက်နေကြသည့် လူကုန်ကူးသူများနှင့် လူမှောင်ခိုများကိုလည်း ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။ အထူးသဖြင့် လူကုန်ကူးခံရတော့မည့် အမျိုးသမီးငယ်များကို အချိန်မီကယ်တင်ပြီး မိဘများလက်ဝယ်သို့ ပြန်လည်အပ်နှံနိုင်ခဲ့သည်။ လူကုန်ကူးမှုနှင့်ပတ်သက်၍လည်း ပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကလေးသူငယ်များကို ညှဉ်းပန်းနှိပ်စက်ခံရမှုမှ ကူညီကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ အထူးသဖြင့် ကလေးသူငယ်များကို မတော်မတရားပြုကျင့်မှုများကို တားဆီးကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် ခပ်စိပ်စိပ်တွေ့လာရသည့် သက်ငယ်မုဒိမ်းမှုများကိုလည်း ထိရောက်စွာတုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကမ္ဘာကြီးသည် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ရာဇဝတ်မှုများ ထူပြောလာလျက်ရှိသည်။ ထိုရာဇဝတ်မှုများကို နိုင်ငံတကာရဲတပ်ဖွဲ့နှင့် ချိတ်ဆက်ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။



မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် တန်ဖိုးရှိသော လူ့အသက်များစွာ ဆုံးရှုံးရလျက်ရှိသည်။ အချို့သောသူများသည် အသက်မဆုံးရှုံးရသည့်တိုင်အောင် ကိုယ်လက်အင်္ဂါချို့ယွင်းသွားရသည်။ ထို့ကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်များကို နေ့မအားညမအား ထမ်းဆောင်နေရသည်။ ကျောင်းသူ၊ ကျောင်းသားများ၊ သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစွာ လမ်းဖြတ်ကူးနိုင်ရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက နေပူမရှောင်၊ မိုးရွာမရှောင် ယာဉ်ကြောရှင်းပေးနေရသည်။

**စွန့်လွှတ်စွန့်စားမှုများ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်သာ ထမ်းဆောင်ရသည်ဆိုသော်လည်း နယ်စပ်စခန်းများတွင် အသက်ပေးတာဝန်ထမ်းဆောင်ခဲ့သည့် သာဓကများစွာရှိနေသည်။ ပူပူနွေးနွေးဖြစ်စဉ်ကို တင်ပြရလျှင် ယခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် AA အဖွဲ့နှင့် ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်အဖွဲ့ ပူးပေါင်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် နယ်စပ်ခြံစည်းရိုးအနီးမှနေ၍ လုံခြုံရေးရဲကင်းစခန်းများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အလားတူ AA အဖွဲ့အနေဖြင့် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းကို သာလွန်အင်အားဖြင့် တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်တချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်များက ဘူးသီးတောင်၊ မောင်တောဒေသရှိ ရဲစခန်း ၃၀ ကို တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ကြသည်။ ထိုဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်တချို့သည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးဆပ်သွားခဲ့ရသည်။ လောက်ကိုင်မြို့၌ ဖော်ထုတ်ခဲ့သော မူးယစ်ဆေးဝါးဖမ်းဆီးသည့် ဖြစ်စဉ်တွင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တချို့ အသက်ပေးဆပ်ခဲ့ကြရသည်။

အထူးသဖြင့် တရားမဝင်အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH နှင့် NUG တို့မှမွေးဖွားလိုက်သော PDF အကြမ်းဖက်သမားများနှင့် NLD အစွန်းရောက်များသည် အချို့သောတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်လျက်ရှိရာ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန် ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံးမှုများ ဖြစ်ပွားခဲ့ရသည်။ မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အသက်သွေးချွေးပေးဆပ်ကာ ထမ်းဆောင်လျက်ရှိကြသည်။

**အလုပ်အကျွေးပြုလျက်ရှိ**

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူနှင့် တစ်သားတည်းဖြစ်နေကြပြီဖြစ်သည်။ ကျေးရွာ၊ ရပ်ကွက်အတွင်း နေ့၊ ညမပြတ် ကင်းလှည့်တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ "ကူညီပါရစေ" "May I Help You" ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများကိုကူညီရန်အသင့်ဖြစ်နေသည်။ အထူးသဖြင့် ရဲတပ်ဖွဲ့၏တာဝန်ထမ်းဆောင်မှုသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝ ရှိလာခြင်းပင်ဖြစ်သည်။ အတိတ်ကာလက မည်သို့ပင်နာမည်ဆိုးဖြင့် ကျော်ကြားခဲ့စေကာမူ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ပြည်သူကိုအလုပ်အကျွေးပြုနေပြီဖြစ်သည်။

"သူခိုးတွင် ချိမရှိ" ဆိုသည့်အတိုင်း ရာဇဝတ်ကျူးလွန်သူများတွင်လည်း ထူးခြားသောအမှတ်အသားများ ရှိမနေပါ။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အုပ်စုဖွဲ့၍ ဒုစရိုက်ကျူးလွန်သူများ၊ မူးယစ်ရမ်းကားသူများ၊ လူသတ်သမားများနှင့် သူခိုး၊ ဓားပြအားလုံးကို ဖော်ထုတ်နိုင်မည်မဟုတ်ချေ။ ရဲတပ်ဖွဲ့ဝင်များသည် Super Man များ မဟုတ်ချေ။ သာမန်လူသားများသာဖြစ်ကြသည်။ လေ့ကျင့်သင်တန်းပေးထားသည့်အတိုင်းအတာအတွင်းသာ စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မှုခင်းအားလုံးအတွက် ရဲတပ်ဖွဲ့တွင်သာ တာဝန်ရှိသည်ဆိုသောအမြင်မျိုး မရှိသင့်တော့ပေ။ ပကတိအရှိတရားကိုသာ လက်ခံစေချင်သည်။

**လေ့ကျင့်သင်တန်းပေးလျက်ရှိ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် အဖွဲ့အစည်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ရာတွင် လူ၊ လက်နက်တို့အပြင် အထောက်အကူပြုပစ္စည်းများကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။ ပုံမှန်နှင့် အဆင့်မြှင့်လေ့ကျင့်သင်တန်းများအပြင် UNDP၊ UNICEF၊ UNODC ၊ ICRC ၊ OHCHER ၊ UN တို့၏ ကူညီမှုများဖြင့် လူ့အခွင့်အရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေး သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းလေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရပ်တပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းတိုက်ဖျက်သူ (Crime Fighter)များအနေဖြင့်သာမက လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသူ (Human Right Protector)များ၊ နိုင်ငံသားများအားလုံးဘေးကင်းငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် စောင့်ရှောက်ပေးရသူ (Peace Keeper)များလည်း ဖြစ်လာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အဆင့်ဆင့်ကို ဒီမိုကရေစီရဲလုပ်ငန်းစနစ်အပါအဝင် ကျင့်ဝတ်များနှင့်စွမ်းရည်များကို လေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

ဆိုရလျှင် နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အသွင်သဏ္ဌာန်ရောအနှစ်သာရပါ ပြောင်းလဲလာပြီဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့်တစ်သားတည်းဖြစ်လာကြပြီဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက်ဆိုလျှင် အသက်နှင့်ခန္ဓာကိုယ်ပင် ပေးဆပ်တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့ကို တစိုက်မတ်မတ် ထမ်းဆောင်လျက်ရှိကြသည်။ ၂၁ ရာစုကာလတွင် ခြိမ်းခြောက်လာသည့် လူမှောင်ခိုများ၊ လူကုန်ကူးမှုများ၊ သက်ငယ်မုဒိမ်းမှုများကိုလည်း တားဆီးကာကွယ် ဖော်ထုတ်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံတကာရဲတပ်ဖွဲ့များဖြင့်ချိတ်ဆက်ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် အသက်သွေးချွေးပေးဆပ်ကာ တိုင်းပြည်တာဝန်များကို ကျေပွန်အောင်ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်းဖြင့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။

# Honorary awards presented to Tatmadaw member athletes and coaches in the 11th ASEAN Para Games, International Army Games-2022 and 3rd World Cadet Games-2022


Senior General Min Aung Hlaing takes salute of the prize winners.

**Yangon September 26**

A ceremony to present honorary awards to the athletes of the Tatmadaw who won the medals in the 11th ASEAN Para Games, International Army Games-2022 and 3rd World Cadet Games-2022 and coaches who made efforts for the athletes to secure prizes took place at the parlour of Zeyathiri Beikman in Nay Pyi Taw this afternoon, attended by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present at the ceremony were Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, SAC members, Union ministers, senior military officers from the Office of the Commander-in-Chief (Army), athletes and coaches and winners in the contests.

**Securing victories in international sports competitions means protecting the State**

First, the Senior General said that today's global countries are building the modern armed forces to be able to defend the State at full capacity. In this regard, Tatmadaw members are being nurtured continuously to have physical health and fitness and mental perseverance and diligence in addition to having skills to comprehensively handle the military equipment for enabling the armed forces to be a capable armed force with fulfillment of quality military equipment. The Myanmar Tatmadaw sets an aim for **building the powerful and capable modern patriotic armed force** for effectively and sharply serving the State defence duty.

The primary duty of the Tatmadaw is to defend the State. The word defending is inclusive of perpetuation of independence and sovereignty of the State and prevention of internal and international destructive elements as well as protection of the prestige of the State and the Tatmadaw. Hence, the efforts of the Tatmadaw in securing victories in the international sports competitions are to protecting the State. The sport can show off health and fitness, perseverance, diligence and unity of a country and an ethnic. The Tatmadaw members compete in the games with sporting spirit based on patriotic spirit. Only when they have patriotic spirit will they have the spirit to defend the State. Hence, the Senior General said he took pride in victory for endeavbours of those athletes in the competition based on the patriotic spirit and the spirit to defend the State.


Senior General Min Aung Hlaing presents award to a prize winner.

The Senior General noted that the morale of the Tatmadaw members can be seen in the competitions that they are keen to serve the interests of the State from respective paces with strong spirit, perseverance and diligence. Myanmar victorious athletes secured 43 medals—14 gold, 12 silver and 17 bronze medals—in track and field, swimming, weightlifting, archery and football in the 11th ASEAN Para Games held in Indonesia from 30 July to 6 August 2022. Nine Tatmadaw member athletes of them secured five gold, four silver and nine bronze medals, totalling 18 in the games.

The ASEAN Para Games has been held once every two years since 2011. The Tatmadaw who sacrificed their limbs for the country brought honour to the State and the Tatmadaw in these competitions. They have to maintain their victories in addition to good traditions of senior athletes. The Senior General urged other Tatmadaw members who sacrificed their limbs for the State to take sport exercises not only for their health conditions but for the interests of the State and the Tatmadaw with the spirit of uplifting the prestige of the State. *See Page 13*


Senior General Min Aung Hlaing presents award to a prize winner.


Senior General Min Aung Hlaing presents award to a prize winner.


Senior General Min Aung Hlaing attends the ceremony in honour of the prize winners.

*From Page 12*

Of the Tatmadaw's three major tasks, the second task of training ensures that Tatmadaw members undergo military training and skills taught the by Tatmadaw on a constant basis. To gain technical experiences and friendship, the Tatmadaw has been participating in International Army Games since 2018 and has now reached the fifth. Together with 37 neighbouring countries, ASEAN countries and world countries, Myanmar participated in the tank skills contest, sniper contest, battleground medical corps skills contest, emergency area contest and traditional cultural contest this year.

Our tank troops have participated in Tank Biathlon for five times including this year. Myanmar stood 16th of 22 teams in 2018, fifth of 11 teams in Division-2 in 2019, fourth of eight teams in Division-2 in 2020, third of eight teams in Division-2 in 2021 and first of 11 teams in Division-2 this year. Myanmar stood third in teams in the sniper contest and third in the fastest sniper contest with rank 4 of seven countries. Moreover, the medal of courage was secured in the medical corps skills contest.

This year's games held in the Russian Federation, Myanmar also participated in the traditional cultural contest to represent our traditional culture and music. It stood first in playing musical instruments, first in duet Russian song contest, second in women's individual song contest, third in the traditional dancing contest, first in People's Choice Award selected online, third in the cultural booth contest, best price in the cultural booth display, first in the best traditional costume and the award for maintaining military relations. Of the 17 participant countries, Myanmar ranked seventh deservingly.

Moreover, as first ever participant, Myanmar took part in the 3rd World Cadet Games with three out of seven kinds of games. It stood first in individuals' rifle contest, second in quick rifle contest in teams, third in precise pistol contest and third in quick pistol contest in teams achieving rank eight out of 20 countries.

**Honour for the State and the Tatmadaw**

Reviewing the victorious results we achieved in the international games, progress is on the increase year after year. I reiterate that it is a special honour on behalf of the State and the Tatmadaw. This has been thanks to the enduring skills of individuals and unity. In any sport, "**competition is first and foremost**". But with a spirit of uplifting State dignity in the international games, Tatmadaw members participated with their unyielding spirit, perseverance, hard work and confidence they already have, and they achieved success deservingly in various sports and games.

Managers and coaches are also praiseworthy and recognized for their coaching. Reviewing the strong and weak points of our athletes and the advantages of other countries, I want to urge our athletes to continue their efforts for greater success and nurture the spirit of esprit de corps and celebrating victory. Tatmadaw members must assume that achieving victories in international games and international military games means raising dignity of the Tatmadaw and the State. Prize winners need to continue trying not to slow down their success but to achieve greater success. For the State and the Tatmadaw, they must uplift their patriotism and nationalism as well as State image. They must hand down their ideals to the future generations.

**Certificates of honour and awards of honour presented**

Afterwards, the Senior General presented certificates of honour and awards of honour to coaches and athletes who brought honour to the Tatmadaw. The Senior General presented the certificates and awards to Warrant Officer Kyaw Kyaw Win who won gold in 400-metre individual event, silver in 400-metre teams event, and bronze in 200-metre individual event of track and field in the 11th ASEAN Para Games, Corporal Soe Pay who won gold in 100-metre and 200-metre individual events and silver in 400-metre teams event, Corporal Zaw Min Lwin who gold in shot put individual event, silver in discus individual event, Sergeant Tin Nyo who gold in javelin individual event and bronze in shot put individual event, Captain Htin Aung Kyaw on behalf of Team-1 who won the first prize in Tank Biathlon (Tank Crews Competition) Division 2 of International Army Games-2022, Captain Than Toe Aung on behalf of Team-2, and Captain Tun Tauk Naing on behalf of Team-3.

Then, the Vice-Senior General presented certificates of honour and awards of honour by the Commander-in-Chief of Defence Services to Lance Corporal Aung Tun Lin who won silver in shot put individual event, bronze in javelin and discus individual events of track and field in the 11th ASEAN Para Games, Lance Corporal Soe Than

*See Page 14*


Vice-Senior General Soe Win presents award to a prize winner.


Vice-Senior General Soe Win presents award to a prize winner.


Vice-Senior General Soe Win presents award to a prize winner.

# KNPP and PDF terrorists brutally fire at commercial plane with civilian passengers while landing at Loikaw airport

**Nay Pyi Taw September 30**

The State Administration Council is in the process of exerting ongoing efforts for national progress after adopting the five-point Roadmap and the nine-point Objectives. In addition, the SAC is trying to achieve perpetual peace through peace negotiations.

In contrast, KNPP and PDF terrorists in Kayah State have been frequently launching surprise attacks and bomb attacks against the people who are non-military targets with the intention of destroying the regional peace and stability. While a Yangon-Nay Pyi Taw-Loikaw passenger plane of MNA was approaching Loikaw airport at about 8.45 am to land there in accordance with the procedures, KNPP and PDF terrorists brutally and heartlessly fired at it with (weapon still under investigation). The round pierced through the left side of the fuselage and hit the right cheek of a passenger. The ATR-72 (600) plane with registered number XY-AML was carrying 63 passengers during its UB–149 flight.

The injured passenger was rushed to Loikaw People's Hospital. The security forces are carrying out operations to secure the area where the incident took place.

100


Doctors and health staff providing medical treatment to the injured passenger.



Photo shows the commercial plane hit by terrorist fire.

# Wooden statues to be transported to Burmese Stores in Thailand

**Yangon September 30**

Statues made of Padauk wood featuring nine gold fish among corals will be sent to Myanmar souvenir shops under the name of Burmese Store in Maesi of Thailand, said U Maung Maung Aye, managing director of Myanmar Mandaing Souvenir Sales Centre in Thingangyun Township, Yangon Region.

Those statues will be transported to Thailand via border trade camps in Shan State.

"Before the Covid-19 period, we exported Myanmar wood-carving statues to Burmese Stores in Maesi and Mae Sot in Thailand. They usually place orders for wooden statues and paintings. Since earlier this year, we have been gradually exporting our products. In the middle of this month, above-mentioned wooden statues were ordered with each measuring 6 feet by 15 feet. They are made of Padauk wood. Before the end of next month, we have to export 150 pieces which are made at our own workshop. One costs K80,000," U Maung Maung Aye said.

Myanmar souvenirs are exported to Hong Kong, Macao, Darker, Chittagoung, Kyelgaung, Mae Sot and Maesi and souvenir shops opened in the towns border with neighbouring countries.

ASH


A sample of wooden souvenir.

# State-owned plastic factory to be operated through mutual interest with private sector

**Yangon September 30**

The Ministry of Industry stated that it will operate the State-owned plastic factory in cooperation with the businesspersons through mutual interests.

The ministry is holding hands with private sector for State-owned factories in development of private sector and increase of domestic production.

At present, the ministry manages more than 100 factories in four groups for iron steel factories, cement and ceramic factories, manufacturing factories, textile factories, medicine and personal goods factories.

Currently, arrangements are being made to operate plastic factory (Kyaukse) in Kyaukse Industrial Zone in mutual cooperation with businesspersons.

The factory is located on 28.94 acres of land, built in 2002 and it started operations in 2014.

The factory produces thin paper for packaging cement as bags for cement plants.

Thanks to mutual cooperation of both sides, the factory will create more job opportunities for local people.

336

*From Page 13*

who won silver in javelin individual event and bronze in high jump event, Corporal Aung Aung Htet and Private (substitute) Paing Zay Kyaw who won the first prize in traditional orchestra competition team event in traditional cultural competitions of International Army Games-2022 and Sergeant (substitute) Htoo Eainna Kyaw who won first prize in couple event and second in single event of Russian song competition.

Next, Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Adjutant-General Lt-Gen Myo Zaw Thein and Quartermaster-General Lt-Gen Kyaw Swa Lin presented certificates of honour and awards of honour by the Commander-in-Chief of Defence Services to athletes and coaches who performed to win prizes in 11th ASEAN Para Games, International Army Games-2022 and 3rd World Cadet Games-2022.

**Words of thanks expressed**

Captain Than Toe Aung, on behalf of the medal winning athletes and coaches, briefed on the state of participation in 11th ASEAN Para Games, International Army Games-2022 and 3rd World Cadet Games-2022 and thanked the Chairman of State Administration Council Commander-in-Chief of Defence Services for presenting such certificates saying efforts will be made to achieve similar successes in the sports events to come.

**Tea reception hosted in honour of athletes and coaches and cordially greeted**

Later, the Senior General and party hosted a tea reception in honour of the athletes and coaches along with the presentation of performance by the Myawady Music Band.

After the ceremony, the Senior-General and party cordially greeted and encouraged the Tatmadaw athletes who won prizes in 11th ASEAN Para Games and coaches who performed to let the athletes win prizes and the Tatmadaw athletes who won prizes in International Army Games-2022 and 3rd World Cadet Games-2022.

100

# ကန့်ကြီးထောင့်မြို့နယ်တွင် မိုးစပါး ၁၄၄၂၄၅ ဧက စိုက်ပျိုးပြီးစီး



**ကန့်ကြီးထောင့် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၄၂၄၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ရာသီဥတု မျှတကောင်းမွန်သဖြင့် မိုးရေများရရှိခြင်းကြောင့် မိုးစပါးစိုက်ပျိုးခြင်းကို ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးစပါး ၁၄၄၂၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ကြီးထောင့်မြို့နယ် မိုးကောင်းသောက် စပါးစိုက်ဧက စုစုပေါင်း ၁၄၄၂၄၅ ဧကစိုက်ပျိုးဖို့ လျာထားခဲ့ပြီး စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ဧကအားလုံးစိုက်ပျိုးခဲ့ပြီးဖြစ်ပါတယ်။ ရာသီဥတုကလဲကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် အခုလိုစိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်ခဲ့တာပါ။ လက်ရှိအချိန်ထိ စိုက်ပြီးတဲ့စပါးခင်းတွေမှာ ရွှေခရုနဲ့ အခြားအပင်ဖျက်ပိုးတွေ ကျရောက်တာမရှိပါဘူး။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ပူးပေါင်းပြီး ဒေသခံတောင်သူတွေ စပါးစိုက်ပျိုးရာမှာ အဓိကအရေးပါတဲ့ ဆည်မြောင်းတွေ မြှုပြင်တာ၊ တာတမံတွေ ကျိုးပေါက်တာမရှိစေဖို့ တာပေါင်မြှင့်တင်တာ၊ ရေသွယ်တူးမြောင်းတွေကို မြေသားတူးတာ၊ ရေစီမံ့ပေါက်ရေထွက်ပေါက်တွေရှာဖွေတာ၊ ရွှေခရုကာကွယ်နှိမ်နင်းတာ စတဲ့လုပ်ငန်းတွေကို ဒီနှစ်စပါးမစိုက်မီ ကြိုတင်စီမံဆောင်ရွက်ခဲ့ပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်မိုးက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီ၌ စပါးများအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းစပါးများ စနစ်တကျစိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လယ်မြေများထိ သွားရောက်၍ တောင်သူများနှင့် တွေ့ဆုံဆွေးနွေး ပညာပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# ကွတ်ခိုင်မြို့နယ် ဟိုကျန့်ကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကွတ်ခိုင် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟိုကျန့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့်ဆောင်ရွက်သည့် ဟိုကျန့်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် ကျေးရွာကော်မတီမှ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။



ကွတ်ခိုင်မြို့နယ် ဟိုကျန့်ကျေးရွာတွင် ဆောင်ရွက်ပြီးစီးသော အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၀၀ ဖြင့် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကြို့ပင်ကောက်မြို့နယ် ကွင်းချောင်းကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့်ဆောင်ရွက်သည့် ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့်ဝန်ထမ်းများက ကွင်းချောင်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၇၁၅၀ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ ဦးအေးလွင်က ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ရေရှည်တည်တံ့စေရေး ကျေးရွာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ် ကွင်းချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၃ သန်း စုစုပေါင်းငွေကျပ် ၃၃ သန်း အသုံးပြု၍ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၇၁၅၀ တည်ဆောက်ခြင်းကို ယခုနှစ် ဇွန် ၁၇ ရက်မှ စတင်၍ ကျေးရွာပြည်သူလူထုကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၉ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၈၀၊ လူဦးရေ ၄၅၈ ဦးတို့မှာ လက်ရှိတွင် လျှပ်စစ်မီးကို ၂၄ နာရီ အသုံးပြုလျက်ရှိပြီဖြစ်ကြောင်း ကြို့ပင်ကောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က ပြောပြ၍ သိရသည်။ **ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃၀-၉-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၃၇၂၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၀၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက မြဝတီတေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**တပ်မတော်သားများအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာ စစ်ဘက်အဖွဲ့အစည်းများ၏ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်သည်ကို မှတ်ယူထားကြရမည်ဖြစ်၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို စဉ်ဆက်မပြတ်ထားရှိပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင် . . .**

စာမျက်နှာ ၁၇ မှအဆက်

အောင်မြင်မှုများ ပိုမိုမြင့်မားလာစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် အားကစားသမားများကိုလည်း ရဲဘော် စိတ်ထားရှိပြီး အောင်ပွဲခံလိုစိတ်ဖြင့် ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားကြရန် ဖြည့်စွက်မှာကြားလိုကြောင်း၊ မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်သည်ကိုမှတ်ယူထားကြရမည်ဖြစ်ကြောင်း၊ ဆုရအားကစားသမားများအနေဖြင့် လက်ရှိရရှိထားသည့် အောင်မြင်မှုမှ လျော့ကျသွားခြင်းမရှိအောင်၊ လက်ရှိရရှိထားသည့် အောင်မြင်မှုထက်ပိုမိုသည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများဖြစ်အောင် မိမိကိုယ်မိမိ စဉ်ဆက်မပြတ် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို စဉ်ဆက်မပြတ်ထားရှိပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်းနှင့် နောင်မျိုးဆက်သစ်လူငယ်များအတွက် ဂုဏ်ယူလေးစားဖွယ် စံနမူနာကောင်းများကို လက်ဆင့်ကမ်း ဖြန့်ဝေသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ထို့နောက် တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများကို ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် (မီတာ ၄၀၀) (တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်(မီတာ ၄၀၀) (အသင်းလိုက်ပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ် (မီတာ ၂၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် အရာခံဗိုလ်ကျော်ကျော်ဝင်း၊ ပြေးခုန်ပစ် (မီတာ ၁၀၀)နှင့် (မီတာ ၂၀၀) (တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု နှစ်ဆု၊ ပြေးခုန်ပစ်လက်ဆင့်ကမ်း (မီတာ ၄၀၀) (အသင်းလိုက်ပြိုင်ပွဲ)၌ ငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်စိုးပေ၊ ပြေးခုန်ပစ် (သံလုံးပစ်)(တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ (သံပြားပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် တပ်ကြပ်ဇော်မင်းလွင်၊ (ပြေးခုန်ပစ်) (လှံတံပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ် (သံလုံးပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် တပ်ကြပ်ကြီးတင်ညိုတို့ကို လည်းကောင်း၊ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022) တင့်ကား မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Division(2)တွင် အသင်းလိုက် ပထမဆု



ဗိုလ်ကြီးသန်းတိုးအောင်က ဆုရရှိသည့် အားကစားသမားများနှင့် နည်းပြများကိုယ်စား ကျေးဇူးတင်စကား ပြန်လည် ပြောကြားစဉ်။

ရရှိခဲ့သည့်ပြိုင်ပွဲဝင် အဖွဲ့(၁)ကိုယ်စား ဗိုလ်ကြီးထင်အောင်ကျော်၊ အဖွဲ့(၂) ကိုယ်စား ဗိုလ်ကြီးသန်းတိုးအောင်၊ အဖွဲ့(၃)ကိုယ်စား ဗိုလ်ကြီးထွန်းတောက်နိုင်တို့ကိုလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(သံလုံးပစ်)(တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ (လှံတံပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆု၊ သံပြားပစ် (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် ဒုတိယတပ်ကြပ်အောင်ထွန်းလင်း၊ ပြေးခုန်ပစ် (လှံတံပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ် (အမြင့်ခုန်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် ဒုတိယတပ်ကြပ်စိုးသန်း၊ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022) ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ အတီးပြိုင်ပွဲတွင် အသင်းလိုက်ပထမဆုရရှိခဲ့သည့် တပ်ကြပ်အောင်အောင်ထက်နှင့် တပ်သား(အစားခန့်) ပိုင်ဇေကျော်၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ ရုရှားသီချင်းဆိုပြိုင်ပွဲတွင် စုံတွဲပထမဆုရရှိခဲ့သည့် တပ်ကြပ်ကြီး(အစားခန့်) စိုးမင်းနိုင်၊ ရုရှားသီချင်းဆိုပြိုင်ပွဲ စုံတွဲပထမဆုနှင့် တစ်ဦးချင်း ဒုတိယဆုတို့ကိုရရှိခဲ့သည့် တပ်ကြပ်ကြီး (အစားခန့်) ထူးကျွန္တာကျော်တို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့က (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၊ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd World Cadet Games-2022) တို့တွင် ဆုရရှိအောင်စွမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများနှင့် ဆုရရှိအောင်နည်းပြပေးခဲ့ကြသည့် နည်းပြများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

### ကျေးဇူးတင်စကားပြန်လည်ပြောကြား

ထို့နောက် ဆုရရှိသည့်အားကစားသမားများနှင့် နည်းပြများကိုယ်စား ဗိုလ်ကြီးသန်းတိုးအောင်က (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲ၊ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022) နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ(3rd World Cadet Games-2022) တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အခြေအနေများနှင့် တပ်မတော်သား အားကစားသမားများ၏ ကြိုးစားအားထုတ်မှုများအပေါ် ယခုကဲ့သို့ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်လာမည့်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၊ ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အားကစားဖြင့် တပ်မတော်ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ၊ နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့ကလည်း တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစား ပြိုင်ပွဲ (3rd World Cadet Games-2022)တို့တွင် ဆုရရှိခဲ့ကြသည့် တပ်မတော်သားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

တစ်ဖွဲ့ချင်း သီးခြားစီလက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနၣ် စတုတ္ထနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ စတုတ္ထနေ့ တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ ဗိုလ်မှူးကြီးဝဏ္ဏအောင်နှင့် "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)စဝ်ခွန်ဆိုင်၊ အတွင်းရေးမှူး(၂)စဝ်စိုင်းဆုတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် လေးရက်တာဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုက တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား နိဂုံးချုပ်စကား ပြောကြားသည်။ ဆက်လက်၍ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ချက်မှတ်တမ်းစာအုပ်နှင့် စာအုပ်စာစောင်များ၊ MRTV DTH Receiver၊နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော် တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကျိုင်းတောင်းမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ အရာရှိ၊ စစ်သည်များနှင့်အတူ လက်ရည်တစ်ပြင်တည်း နေ့လယ်စာအတူတကွ သုံးဆောင်စဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရား ပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ် ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်(Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

# မိုင်းပျဉ်းမြို့နှင့် တုံတာမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နှင့် တုံတာမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂၉ ရက် နေ့လယ်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများက နယ်မြေခံ တပ်နယ်၊ တပ်ရင်းခန်းမများ၌ သီးခြားစီသွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဘီလပ်မြေအိတ်၊ ဆန်နှင့် ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက်

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

**သဘောထားထုတ်ပြန်ကြေညာချက် (၅/၂၀၂၂)**

**၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်၊ သောကြာနေ့**

၁။ ယနေ့နံနက်ပိုင်းက ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ကို ပြေးဆွဲနေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင် လေယာဉ် တစ်စင်း လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အမြင့်ပေ ၃၅၀၀ ခန့်တွင် အကြမ်းဖက်သမားများက လက်နက်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

၂။ အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၆၃ ဦး လိုက်ပါလာပြီး ပစ်ခတ်မှုကြောင့် လေယာဉ်ဝမ်းဗိုက်ကို ထိမှန်ကာ ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိရသည်။

၃။ ယခုကာလသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို ချမှတ်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူအားလုံးတို့ပူးပေါင်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါသည်။

၄။ ဤသို့သောအချိန်ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်လျက် ပြည်သူများ၏ စိတ်အေးချမ်းသာစွာ ခရီးသွားလာမှုများကို နှောင့်ယှက်လိုသည့်သဘောဖြင့် လက်နက်ကိုင်အကြမ်းဖက်သူများ၏ စစ်ဘက်ဆိုင်ရာပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအပေါ် ရည်ရွယ်ချက်ထားပြီး တိုက်ခိုက်ပစ်ခတ်မှုများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ရှုတ်ချကန့်ကွက်ပါကြောင်းနှင့် လုံးဝလက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှု၊ ကျိုကုန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကိုတွေ့ဆုံ



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကျိုကုန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို အဆိုပါ တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်ကာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ ရေဒီယိုလှိုင်းနှုန်းတိုင်းတာရေးစခန်း၊ ဂြိုဟ်တုမြေပြင်စခန်း၊ Data Center၊ Call Center နှင့် စက်ခေါင်းစက်ရုံ(အင်းစိန်)တို့ကိုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) တိုးကြောင်ကလေးရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရေဒီယိုလှိုင်းနှုန်းတိုင်းတာရေးအခြေစိုက်စခန်း(တောင်ဒဂုံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လှိုင်းနှုန်းစဉ်များ တစ်ခုနှင့်တစ်ခု နှောင့်ယှက်မှုမရှိစေရေး တိုင်းတာစစ်ဆေးပြီး သုံးစွဲသူပြည်သူလူထု စိတ်ချမ်းမြေ့အဆင်ပြေစေရေး၊ တရားမဝင်လှိုင်းနှုန်းအသုံးပြုသူများမရှိစေရေး၊ လှိုင်းနှုန်းသုံးစွဲမှုဆိုင်ရာ အချက်အလက်များကို စနစ်တကျမှတ်တမ်းတင်ထားရှိရေး၊ စက်ပစ္စည်းများ ရေရှည်သက်တမ်းရှေ့သုံးစွဲနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည် ပြည့်ဝစေရေးတို့ကို အမြဲမပြတ်ကြိုးကြပ်ဆောင်ရွက်ကြရန် မှာကြားကာဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တိုးကြောင်ကလေးဂြိုဟ်တုမြေပြင်စခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စခန်းအတွင်းတပ်ဆင်ထားရှိသည့် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်းများနှင့် ချိတ်ဆက်ထားသည့် ဆက်ကြောင်းများ၊ ဝေးလံ၍ သွားလာရန် ခက်ခဲသောဒေသများတွင် မိုလ်ဘိုင်းဆက်သွယ်ရေးစနစ်ရရှိရေးအတွက် ချိတ်ဆက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးတည်ချက်ဖြစ်သည့် သုံးစွဲသူများအားထားရသော အော်ပရေတာများဖြစ်စေရေး၊ ဆက်သွယ်ပေးနိုင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် သာလွန်ကောင်းမွန်မှုတို့အတွက် အထူးအလေးထားဆောင်ရွက်ရေး၊ ပြည်သူလူထုကသုံးစွဲနိုင်သည့် တတ်နိုင်သောနှုန်းထား၊ အခွင့်အခများဖြစ်စေရေး၊ စက်ပစ္စည်းများ ရေရှည်ကောင်းမွန်စေရေး၊ ဝေးလံသောဒေသများအတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်သည် အဓိကကျသဖြင့် နိုင်ငံပိုင် Myanmar Satellite 2 ဆက်ကြောင်းများကိုလည်း အကျိုးရှိရှိ အသုံးပြုနိုင်ရေး လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးပြီး ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သိုလှောင်ရုံ(Ware house)သို့ ရောက်ရှိစစ်ဆေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းများ သိုလှောင်ထိန်းသိမ်းမှုစနစ်ကို သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျထိန်းသိမ်းရေး၊ ဖြန့်ဖြူးထောက်ပံ့နိုင်ရေးတို့ကိုမှာကြားပြီး ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဟံသာဝတီ Data Center သို့ ရောက်ရှိပြီး တာဝန်ရှိသူက လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒေတာစင်တာများသည် သတင်းအချက်အလက်ခေတ်တွင် လွန်စွာအရေးပါသဖြင့် ပြတ်တောက်မှုမရှိ၊ အချိန်ပြည့်အသုံးပြုနိုင်ရေးအတွက် အရန်ဓာတ်အားပေးစက်များ အမြဲကောင်းမွန်နေစေရေး၊ အရန်ဆက်ကြောင်းများဖြင့် ချိတ်ဆက်နိုင်ရေး၊ စက်ပစ္စည်းများ၏ စွမ်းဆောင်မှု အရည်အသွေးများ စံချိန်စံညွှန်းအတိုင်းကောင်းမွန်စွာအသုံးပြုနိုင်ရေး၊ ဒေတာစင်တာလုံခြုံရေးစီမံချက်နှင့် မီးဘေးလုံခြုံရေးစီမံချက်များရေးဆွဲဆောင်ရွက်ရေး၊ ဝန်ထမ်းများ ကျန်းမာရေး သတ်မှတ်စည်းကမ်းများကို တိကျစွာလိုက်နာရေးတို့ကို မှာကြားပြီးနောက် စက်ခန်းများကို စစ်ဆေးကာ ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများ




ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထား၏ စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ရောက်ရှိပြီး စက်ရုံအထွေထွေမန်နေဂျာက အထက်အကြီးအကဲများလာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် စက်ရုံလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ စက်ရုံ၏ လုံခြုံရေး၊ စနစ်တကျရှိရေး၊ လေဝင်လေထွက်များ ကောင်းမွန်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လုပ်ငန်းဆိုင်ရာ မှတ်တမ်းများစနစ်တကျထားရှိရေး လိုအပ်ချက်များမှာကြားပြီး ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် မြန်မာ့မီးရထားဆေးရုံ (အင်းစိန်)သို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်းစိန်ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာဝန်ကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်**

ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် ခရီးသည် ၆၃ ဦး လိုက်ပါလာသည့် ခရီးစဉ်အမှတ် UB-149 ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ လေယာဉ်အမှတ် XY-AML လေယာဉ်အမျိုးအစား ART-72(600) သည် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရန် လုပ်ငန်းစဉ်များအတိုင်း ပြုလုပ်လျက်ရှိစဉ် လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့သဖြင့် လေယာဉ်ပေါ် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အပြစ်မဲ့ပြည်သူများကို အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများ၊ ယခုကဲ့သို့ ပြည်သူအများဒုက္ခရောက်စေရန် ကျူးလွန်မှုများအတွက် ယခုဖြစ်စဉ်အပါအဝင် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## စက်တင်ဘာ ၃၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၄ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၃၁၆၆ ဦး |
| သေဆုံးသူ | ၁၉၄၁၉ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၅၉၈၁၂၆ ဦး |

**နေပြည်တော် စက်တင်ဘာ ၃၀**

စက်တင်ဘာ ၂၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၁၆၀၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၄ ဦးတွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်းကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# "လေယာဉ်ထိခိုက်ခဲ့တာရှိသော်လည်း လေယာဉ်အမှုထမ်းတွေရဲ့ ကြိုးစားဆင်းသက်မှုကြောင့် လေယာဉ်က လွိုင်ကော်လေဆိပ်မှာ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပါတယ်။ ခရီးသည်လေယာဉ်ကို ဒီလိုလုပ်ဆောင်တာဟာ စစ်ရာဇဝတ်မှု၊ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တာဖြစ်ပါတယ်"

စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများစီးနင်းလိုက်ပါလာသည့် အရပ်ဘက်လေယာဉ်တစ်စင်းကို လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလိုဖြေကြားထားပါတယ်-

"ကယားပြည်နယ်မှာ ယခင်ကတည်းကပင် KNPP အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ PDF အဖွဲ့ပေါင်းပြီး လွိုင်ကော်မြို့ထဲမှာ မငြိမ်မသက်ဖြစ်အောင်၊ တိုက်ပွဲတွေဖြစ်အောင် ဆောင်ရွက်ခဲ့တာရှိတယ်။ တပ်မတော်အနေနဲ့ လုံခြုံရေးအရဆောင်ရွက်ပြီးတဲ့အခါမှာ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေနဲ့ KNPP အဖွဲ့တို့ဟာ လွိုင်ကော်မြို့ကို နှောင့်ယှက်ပစ်ခတ်တာ၊ လွိုင်ကော်လေယာဉ်ကွင်းနား နှောင့်ယှက်ပစ်ခတ်တာတို့ကို သူတို့က လစ်ရင်လစ်သလို အဆက်မပြတ်ဆောင်ရွက်လေ့တော့ရှိတယ်။ ဒီနေ့မှာတော့ ရန်ကုန်-နေပြည်တော်-လွိုင်ကော်- ရန်ကုန် ခရီးစဉ်ပြေးဆွဲနေတဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်းက လေယာဉ်အမှတ် XY-AML လေယာဉ်က ၈ နာရီ ၄၅ မိနစ်ခန့်မှာ လွိုင်ကော်လေဆိပ်ကို ဆင်းဖို့လုပ်ပါတယ်။ လေယာဉ်ပေါ်မှာ ခရီးသည် ၆၃ ဦးပါတယ်။ ကျွန်တော်တို့အနေနဲ့ လွိုင်ကော်နဲ့ခရီးစဉ် အဆက်မပြတ်ပြေးဆွဲနိုင်ရေး၊ ခရီးသွားလုပ်သားပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရေးအတွက် လေဆိပ်အနီးတစ်ဝိုက်မှာ လုံခြုံရေးတွေယူပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ လေယာဉ်ဆင်းသက်မည်ဆိုပါက ဆင်းသက်မှုအဆင့်များအတိုင်း ပြေးလမ်းကိုချဉ်းကပ်ရတာရှိတယ်၊ ကွင်းကိုပတ်ရတာရှိတယ်။ လေယာဉ်ဆင်းသက်မှုအတိုင်း လုပ်ဆောင်နေချိန် လေယာဉ်ပြေးလမ်းရဲ့ မြောက်ဘက်လောက်မှာ KNPP၊ PDF အကြမ်းဖက်အဖွဲ့တွေက လေယာဉ်ကို လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ပစ်ခတ်မှုကြောင့် လေယာဉ်ဘယ်ဘက်ဝမ်းဗိုက်ပိုင်းမှာ လက်နက်ငယ်ကျည်ထိမှန်ခဲ့တာရှိတယ်။ လက်နက်ငယ်ကျည်က လေယာဉ်ဝမ်းဗိုက်ပိုင်းကိုဖောက်ထွက်ပြီး လေယာဉ်ပေါ်မှာရှိတဲ့ ခုံအမှတ် 18-A မှာ စီးနင်းလိုက်ပါလာတဲ့ ခရီးသည်တစ်ယောက်ရဲ့ ညာဘက်ပါးကို ထိခိုက်ခဲ့တာရှိပါတယ်။ (မစိုးရိမ်ရ)ထိခိုက်ဒဏ်ရာ ရရှိခဲ့တာဖြစ်ပါတယ်။




လေယာဉ်ထိခိုက်ခဲ့တာရှိသော်လည်း လေယာဉ်အမှုထမ်းတွေရဲ့ ကြိုးစားဆင်းသက်မှုကြောင့် လေယာဉ်က လွိုင်ကော်လေဆိပ်မှာ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပါတယ်။ ခရီးသည်ကိုလည်း လွိုင်ကော်မှာရှိတဲ့ ပြည်သူ့ဆေးရုံမှာ ကုသပေးလျက်ရှိပါတယ်။ လေယာဉ်ကတော့ လိုအပ်တဲ့ပြုပြင်မှုတွေပြုလုပ်ပြီး လွိုင်ကော်ကနေ နံနက်ပိုင်းမှာပဲ ပြန်လည်ထွက်ခွာသွားပြီဖြစ်ပါတယ်။ ခရီးသည်လေယာဉ်ကို ဒီလိုလုပ်ဆောင်တာဟာ စစ်ရာဇဝတ်မှု၊ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ အေးချမ်းသာယာရေးကို လိုလားတဲ့ ပြည်သူလူထုရော၊ အဖွဲ့အစည်းတွေအနေနဲ့ရော ဒီကိစ္စကို ဝိုင်းဝန်းရှုတ်ချဖို့လိုပါတယ်။ လေယာဉ်တစ်ခုခုဖြစ်သွားပါက ခရီးသွားပြည်သူများပဲ ဒုက္ခရောက်မှာဖြစ်ပါတယ်။ ဒေသခံပြည်သူလူထုရဲ့ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်နေတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နံနက်ပိုင်းကတည်းကပင် အချိန်မီ သတင်းထုတ်ပြန်ပြီးဖြစ်ပါတယ်။ တချို့ Online ပေါ်တွင် မသမာသူတွေက လေယာဉ်နဲ့ပတ်သက်ပြီး ကောလာဟလ သတင်းမျိုးစုံထုတ်လွှင့်နေတာရှိပါတယ်။ တပ်မတော်နဲ့ ဒေသခံလုံခြုံရေးအဖွဲ့တွေအနေနဲ့ကတော့ ခရီးသွားလာမှုမပြတ်တောက်စေရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သောင်းကျန်းသူများ ခိုအောင်းနိုင်တဲ့နေရာတွေကို လိုက်လံရှင်းလင်းလျက်ရှိပါတယ်"။

# ဆိုးရွားကြမ်းတမ်းသော အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သွားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမည်




ဆိုးရွားကြမ်းတမ်းသော အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သွားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမည်ဖြစ်ကြောင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလိုပဲ ဖြေကြားထားပါသည်။

**မေး။** ။ လွိုင်ကော်မှာ ခရီးသည်လေယာဉ်အပစ်ခံရတာနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ဖြေကြားထားတာကို ကြားသိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ထပ်မံသိချင်တာက ယခုလိုဆိုးရွားရက်စက်တဲ့လုပ်ရပ်တွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့က ဘယ်လိုဆက်လက် အရေးယူသွားမလဲဆိုတာ ဖြေကြားပေးစေလိုပါတယ်။

**ဖြေ။** ။ နိုင်ငံတကာရော၊ ကမ္ဘာမှာရော ခရီးသည်တင်လေယာဉ်၊ ခရီးသည်တင်ရထား ၊ ခရီးသည်တင်ကား၊ Public Transportation နှင့်ပတ်သက်တဲ့လုပ်ငန်းတွေကို အကြမ်းဖက်တိုက်ခိုက်တာက ပြည်သူလူထုကို တိုက်ရိုက်ခြိမ်းခြောက်တာဖြစ်ပါတယ်။ ပြည်သူလူထုအပေါ်ကို တိုက်ရိုက်အကြမ်းဖက်ဆောင်ရွက်တာဖြစ်ပါတယ်။ လွိုင်ကော်မှာဖြစ်တဲ့ဖြစ်စဉ်သည် ခရီးသည် ၆၃ ဦးပါတဲ့ လေယာဉ်ကို ပစ်ခတ်တာဖြစ်ပါတယ်။ ပစ်ခတ်သည့်အခါမှာ ခရီးသည်တင်လေယာဉ်က ရန်ကုန်ကနေထွက်လာတယ်။ ၈ နာရီ ၄၅ မိနစ်ခန့်မှာ လွိုင်ကော်လေဆိပ်ကို ဆင်းသက်ဖို့အတွက် အနိမ့်ပျံသန်းတယ်၊ ကွင်းကိုပတ်ပြီးပျံရတယ်။ ဒီလိုအချိန်မျိုးမှာ လေယာဉ်ကွင်းရဲ့မြောက်ဘက်မှာရှိတဲ့ PDF၊ KNPP အကြမ်းဖက်သောင်းကျန်းသူတွေ နေတဲ့နေရာကနေ ဖြတ်ရတယ်။ ဖြတ်ရတဲ့အခါမှာ အောက်ကနေပြီး လက်နက်ငယ်နဲ့ပစ်ခတ်တာဖြစ်ပါတယ်။ လေယာဉ်ဝမ်းဗိုက်ပိုင်းမှာ ထိခိုက်တာရှိပါတယ်။ ခရီးသည်တစ်ယောက်ဒဏ်ရာရရှိခဲ့တာရှိပါတယ်။ ဒီကိစ္စသတင်းထုတ်ပြန်ပြီး နောက်ပိုင်းမှာ ပြည်ဖျက်မီဒီယာတွေက လေဆိပ်မှာပဲ ပစ်ခတ်မှုဖြစ်ပွားသယောင် ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဘာကြောင့် သူတို့ဒီလိုဆောင်ရွက်ရသလဲဆိုတာ အကြောင်းရှိတယ်။ အများပြည်သူနဲ့သက်ဆိုင်တဲ့ Public Transportation ကိစ္စတွင် အကြမ်းဖက်မှုသည် ပိုပြီးကြီးမားပြီး ရာဇဝတ်မှုကြီးမားတယ်ဆိုတာသိတဲ့အတွက်ကြောင့် သူတို့အနေနဲ့ ဆင်သေတာကို ဆိတ်သားရေနဲ့ ဖုံးတဲ့ပုံစံမျိုး လိုက်ပြီးလုပ်နေတဲ့ ပုံစံမျိုးဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ဆိုးရွားကြမ်းတမ်းတဲ့ ရက်စက်တဲ့အကြမ်းဖက်လုပ်ရပ်မျိုးကို လုပ်ဆောင်နေတဲ့သူတွေ၊ လုပ်ဆောင်နေတဲ့အဖွဲ့အစည်းတွေအပေါ်မှာ ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမယ်လို့ ပြောချင်ပါတယ်။

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ လေယာဉ်မှတ် XY-AML လေယာဉ်အမျိုးအစား ATR-72(600) သည် ခရီးသည် ၆၃ ဦးတင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ၈ နာရီ ၄၅ မိနစ်ခန့်၌ ဆင်းသက်ရန်ပြုလုပ်လျက်ရှိစဉ် အမြင့်ပေ ၃၅၀၀ ခန့် လေယာဉ်ပြေးလမ်း၏မြောက်ဘက် လေးမိုင်ခန့်အကွာသို့ ရောက်ရှိစဉ် ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ဘယ်ဘက်ဝမ်းဗိုက်ကိုထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ဖောက်ဝင်ဒဏ်ရာ ရရှိခဲ့သည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူများကို မကြာခဏ ချောင်းမြောင်းပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်နေခြင်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သတင်းထုတ်ပြန်ချက်(၁/၂၀၂၂)

စက်တင်ဘာ ၃၀ ရက် နံနက်က ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ပျံသန်းပြေးဆွဲနေသော မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင် ခရီးသည်တင် လေယာဉ်ကို လေဆိပ်သို့ လေယာဉ်ဆင်းသက်နေစဉ် သေနတ်ဖြင့်ပစ်ခတ်ခံရသဖြင့် လေယာဉ်ဝမ်းဗိုက်ပေါက်ပြီး လေယာဉ်ပေါ်ရှိ ခရီးသည်တစ်ဦး၏ပါးတွင် ကျည်ထိမှန်ကြောင်း သိရသည်။

ခရီးသည်တင်လေယာဉ်သည် စစ်ဘက်ပစ်မှတ်မဟုတ်သဖြင့် ခရီးသည်တင်လေယာဉ်ကို ပစ်ခတ်တိုက်ခိုက်သည့်အဖွဲ့အစည်းသည် အကြမ်းဖက်မှုကို ကျူးလွန်ခြင်းဖြစ်သဖြင့် ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်**

# တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မော်ဟိန်း ဆေးရုံတက်ရောက် ကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို လှည့်လည်ကြည့်ရှု အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် ဆေးရုံများအတွင်းလှည့်လည် ကြည့်ရှုပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤




# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများ အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူ ငါးဦး ထိုးနိုင်သော Sinopharm နှင့် Myancopharm ဆေးများကို ယနေ့တွင် ချင်းပြည်နယ် ဖလမ်းမြို့သို့ Sinopharm ဆေးအလုံး ၁၀၀ ၊ Myancopharm ဆေးအလုံး ၄၄၀ နှင့် ဆေးထိုးအပ်အချောင်း ၉၀၀၀ ၊ တီးတိန်မြို့သို့ Myancopharm ဆေးအလုံး ၉၀ နှင့် ဆေးထိုးအပ်အချောင်း ၉၀၀၀ ၊ ထွန်းဇံမြို့သို့ Myancopharm ဆေး ၄၈ လုံးနှင့် ပလက်ဝမြို့သို့ Myancopharm ဆေး ၄၃၄ လုံးနှင့် ဆေးထိုးအပ်အချောင်း ၃၀၀၀ ၊ မတူပီမြို့နှင့်မင်းတပ်မြို့သို့ ဆေးထိုးအပ်အချောင်း ၉၀၀၀ ၊ ဂန့်ဂေါမြို့သို့ ဆေးထိုးအပ်အချောင်း ၆၅၀၀၊ ဟားခါးမြို့သို့ ဆေးထိုးအပ်အချောင်း ၆၀၀၀ ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ Sinopharm ဆေးအလုံး ၂၄၀၀၀ ၊ Myancopharm ဆေးအလုံး ၁၀၀၀၀ ၊ ဆေးထိုးအပ်အချောင်း ၃၀၅၀၀၀ ၊ ကလေးမြို့သို့ Myancopharm ဆေးအလုံး ၆၀၀၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm ဆေးအလုံး ၂၀၀၀ ၊ ဆေးထိုးအပ်အချောင်း ၆၀၀၀၀ ၊ ကယားပြည်နယ် လွိုင်ကော်မြို့သို့ Sinopharm ဆေး ၂၇၃၉ လုံး၊ Myancopharm ဆေး ၈၃၉ လုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ Sinopharm ဆေးအလုံး ၄၀၀၀ နှင့်ဆေးထိုးအပ်အချောင်း ၃၇၈၀၀ တို့ကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများကလက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ချင်းပြည်နယ်မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ လက်ဝယ်အရောက် Mask များ အခမဲ့ ပေးဝေလှူဒါန်းစဉ်။



**နေပြည်တော် စက်တင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၄၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၀၉၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၂၆၁၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၃၁၃၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၉၈၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၀၄၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ခုနစ် မြို့နယ်၊ ကချင်ပြည်နယ် ပူတာအိုမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နှင့် တောင်သာမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။


## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများခွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများစီးနင်းလိုက်ပါလာသည့် အရပ်ဘက်လေယာဉ်တစ်စင်းကို လွိုင်ကော်လေဆိပ်သို့ဆင်းသက်စဉ် ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်

KNPP/PDFအကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မြန်မာအမျိုးသားလေကြောင်းလိုင်းအား လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့သည့် ဗိုလ်ုန်--၁၁၉၅ တည်နေရာပြ ( Google )မြေပုံ










**KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်စွာရက်စက်ရိုင်းစိုင်းယုတ်မာစွာ လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ခရီးသည်တင်လေယာဉ်ကိုတွေ့ရစဉ်။**

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရွေးလုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်ရွယ်၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့သော် ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူများကိုမကြာခဏ ချောင်းမြောင်းပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးမှုများကိုပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်အမှတ် UB-149 ဖြင့် ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန်ခရီးစဉ်အဖြစ်ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ လေယာဉ်အမှတ် XY-AML၊ လေယာဉ်အမျိုးအစား ATR-72(600)သည် ခရီးသည် ၆၃ ဦးတင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ယနေ့ နံနက် ၈နာရီ၄၅မိနစ်ခန့်၌ဆင်းသက်ရန် လေယာဉ်ဆင်းသက်ခြင်းလုပ်ငန်းစဉ်များအတိုင်း လေယာဉ်ကွင်းသို့ချဉ်းကပ်ပျံသန်းစဉ် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူမဆန်စွာ ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် လက်နက်(စိစစ်ဆဲ)ဖြင့်ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်အား ထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ဖောက်ဝင်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဒဏ်ရာရရှိခဲ့သည့် ခရီးသည်ကို လွိုင်ကော်ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်စွာရက်စက်ရိုင်းစိုင်းယုတ်မာစွာ လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လေယာဉ်စီးနင်းလိုက်ပါလာသူ ခရီးသည်တစ်ဦးကိုတွေ့ရစဉ်။**

# မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ချောင်းဆုံကျေးရွာ "ရှာဦး" ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဉူးသုန္ဒရအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၃၀**

NUGနှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ပစ်ခတ်တိုက်ခိုက်ခြင်းများ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ ပြုလုပ်လျက်ရှိသည့်အပြင် သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၁ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်တင့်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာရှိ "ရှာဦး"ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဉူးသုန္ဒရ သက်တော် ၆၀ နှစ် သိက္ခာတော် ၂၅ ဝါ (ခမည်းတော်)ဦးသက်တင်သည် ဘုန်းကြီးကျောင်းအတွင်း၌ အဆိုပါကျေးရွာနေသူများဖြစ်သည့် မောင်ဖိုးလွင် ၁၈ နှစ် (ဘ)ဦးလှမြင့်၊ ဦးဖိုးလွယ် ၃၀ နှစ် (ဘ)ဦးသာထူးတို့နှင့်အတူရှိနေစဉ် PDF အကြမ်းဖက်သမား ၁၅ ဦးခန့် ရောက်ရှိလာပြီး ဆရာတော်နှင့်ဦးဖိုးလွယ်ပါ သုံးဦးအား ချောင်းဆုံကျေးရွာ၏ အရှေ့ဘက်တောအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး တောစပ်အရောက်၌ ဦးဖိုးလွယ်နှင့် မောင်ဖိုးလွင်တို့ကို ပြန်လည်စေလွှတ်ပေးကာ ဆရာတော် ဉူးသုန္ဒရအား တောအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၆ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါဖြစ်စဉ်များမှ PDF အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသည့် သာသနာအနွယ်ဝင် ချောင်းဆုံကျေးရွာ "ရှာဦး"ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဉူးသုန္ဒရအား ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နေ အောင်ဇော်မြင့်(ခ)စစ်နိုင်သည် ၎င်းအသုံးပြုသည့် "Sit Naing" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းနောက်ရပ်ကွက်နေ ခင်ကိုသည် ၎င်းအသုံးပြုသည့် "Khin Ko" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာနေ ဆန်းတင့်သည် ၎င်းအသုံးပြုသည့် "San Tint"Facebookအကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# လေထုညစ်ညမ်းမှုကိုဖြစ်စေသော အဆိပ်အတောက်ရှိသည့် မီးခိုးမြူများ

မေခင်ထွန်း

မီးခိုးမြူများသည် မျက်လုံးနှင့် လည်ချောင်းတို့ကို ထိခိုက်စေနိုင်ပြီး အထူးသဖြင့် ကလေးများ၊ သက်ကြီးရွယ်အိုများ၊ အပြင်ထွက်၍ အလုပ်လုပ်သူများနှင့် လေ့ကျင့်ခန်းလုပ်သူများ၏ အဆုတ်ကိုလည်း ထိခိုက်စေနိုင်သည်။ ပန်းနာရင်ကျပ် သို့မဟုတ် ဓာတ်မတည့်သည့်သူများကို ပိုမိုဆိုးရွားစေသည်။ မီးခိုးမြူညစ်ညမ်းမှုများသည် ပန်းနာရင်ကျပ် သို့မဟုတ် ဓာတ်မတည့်သည့်သူများ၏ ရောဂါလက္ခဏာများကို ပြင်းထန်စေနိုင်သည်။

မီးခိုးမြူများသည် ရပ်ရွာအနှံ့သို့ပျံ့နှံ့ကာ ညစ်ညမ်းသော လေထုကိုဖြစ်စေသည်။ မီးခိုးနှင့်မြူဟု သုံးနှုန်းထားသော်လည်း ၎င်းတို့သည် မြို့များစွာတွင် တည်ရှိသော မော်တော်ယာဉ် သို့မဟုတ် စက်မှုဇုန်များမှထွက်သော မီးခိုးငွေ့များသာဖြစ်သည်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်သူ Des Voeux သည် ဗြိတိသျှမြို့များစွာ၏ လေထုအခြေအနေများကို ဖော်ပြခဲ့သည်။ ၁၉၀၉ ခုနှစ် ဆောင်းဦးရာသီအတွင်း Glasgow နှင့် Edinburgh တွင် မီးခိုးမြူကြောင့် သေဆုံးမှုပေါင်း ၁၀၀၀ ကျော်ရှိခဲ့ပြီး ၎င်းနှင့်ပတ်သက်၍ မန်ချက်စတာမြို့ဆွေးနွေးပွဲတွင် Des Voeux တင်ပြခဲ့သည့် မီးခိုးမြူလျှော့ချရေးအဖွဲ့၏အစီရင်ခံစာသည် ၁၉၁၁ ခုနှစ်တွင် လူသိများခဲ့သည်။

မီးခိုးမြူများကို အမျိုးအစားနှစ်မျိုးခွဲနိုင်သည်။ ဆာလဖာရက်မီးခိုးမြူနှင့် Photochemical မီးခိုးမြူတို့ဖြစ်သည်။ ဆာလဖာရက်မီးခိုးမြူ ခေါ် လန်ဒန်မီးခိုးမြူသည် လေထုထဲတွင် ဆာလဖာဒိုင်အောက်ဆိုက်များ ပြင်းအားများကာ ဆာလဖာပါဝင်သည့် ရုပ်ကြွင်းလောင်စာများ အထူးသဖြင့် ကျောက်မီးသွေးများကို အလွန်အကျွံအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဤမီးခိုးမြူအမျိုးအစားသည် စိုစွတ်ပြီး လေထုထဲတွင် အမှုန်အမွှားများပါဝင်မှုမြင့်မားခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ပိုမိုဆိုးရွားစေသည်။ မီးခိုးမြူများကြောင့်ဖြစ်သည့် လေထုညစ်ညမ်းမှုတွင် မီးခိုးမြူများသည် လေထုထဲတွင် အချိန်ကြာမြင့်စွာပျံ့နှံ့နေပြီး ပိတ်မိနေသည့်အတွက် ရာသီဥတုနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အညိုရောင်တိမ်တိုက်များအဖြစ် ဆက်လက်တည်ရှိနေကြသည်။ ၎င်းမီးခိုးများသည် အများအားဖြင့် ကျောက်မီးသွေးလောင်ကျွမ်းရာမှ ထွက်လာခြင်းဖြစ်သလို မီးခိုးမြူများသည် စက်မှုဇုန်များနှင့် ယနေ့ခေတ်မြို့ကြီးများတွင် ပေါများစွာထွက်ရှိနေဆဲဖြစ်သည်။

လော့စ်အိန်ဂျလိစ်မီးခိုးမြူဟုလည်း လူသိများသော Photochemical Smog သည် မော်တော်ကားအမြောက်အမြားရှိသော မြို့ပြဒေသများတွင် အများဆုံးဖြစ်ပေါ်သည်။ ၎င်းမီးခိုးမြူအမျိုးအစားသည် မော်တော်ကားများနှင့် အခြားရင်းမြစ်များမှထုတ်လွှတ်သော နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်များနှင့် ဟိုက်ဒရိုကာဗွန်အငွေ့များမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ Photochemical မီးခိုးမြူသည် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်များ၊ မတည်ငြိမ်သောအော်ဂဲနစ် ဒြပ်ပေါင်းများနှင့် နေရောင်ခြည်တို့ထိတွေ့သောအခါ လေထုကို ညစ်ညမ်းစေသောအရောအနှော မီးခိုးမြူအဖြစ် ဖြစ်ပေါ်လာသည်။ ၎င်းမီးခိုးမြူသည် နေရောင်ခြည်အများဆုံးရသည့် နွေရာသီတွင် ပိုအဖြစ်များပြီး လေထုညစ်ညမ်းမှုကိုဖြစ်စေသည်။ ထိုသို့ထွက်ပေါ်လာသော မီးခိုးမြူများသည် လေထုကို အညိုဖျော့ရောင်သို့ ပြောင်းသွားစေပြီး မြင်နိုင်စွမ်းလျော့ကျလာကာ အပင်များပျက်စီးခြင်း၊ မျက်လုံးများယားယံခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ဖြစ်စေသည်။ ၎င်းလေထုထဲတွင် အိုဇုန်းပါဝင်မှုပမာဏများလွန်းသည့်အတွက် ကျန်းမာရေးနှင့်မညီညွတ်ဟု ကျွမ်းကျင်သူများက သတ်မှတ်ထားသည်။

ယနေ့ခေတ်တွင် လူသားတို့တွေ့နေရသော မီးခိုးမြူအများစုသည် Photochemical Smog ဖြစ်သည်။ နေရောင်ခြည်သည် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်များနှင့် လေထုထဲတွင် မတည်ငြိမ်သောအော်ဂဲနစ်ဒြပ်ပေါင်း(VOCs)များနှင့် ဓာတ်ပြုသောအခါတွင် Photochemical Smog ကို ဖြစ်ပေါ်စေသည်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်များသည် ကားအိတ်ဇော၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများနှင့် စက်ရုံထုတ်လွှတ်မှုတို့မှ ထွက်လာသည်။ VOCs များကို ဓာတ်ဆီ၊ သုတ်ဆေးများနှင့် ဖြေဆေးရည်ကဲ့သို့ သန့်စင်မှုဆိုင်ရာအရည်အများအပြားတွင် ပါဝင်သည်။ နေရောင်ခြည်သည် ဤဓာတုပစ္စည်းများနှင့် ထိတွေ့သောအခါ လေထုအတွင်းမှ အမှုန်အမွှားများသည် မီးခိုးမြူများအဖြစ်ပြောင်းလဲကာ ပေါ်ပေါက်လာခြင်းဖြစ်သည်။



လေထုထဲတွင် အိုဇုန်းလွှာမြင့်မားခြင်းသည် လူသားတို့ကို နေ၏အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်ဒဏ်မှကာကွယ်ပေးသော်လည်း မြေပြင်၏ အနီးဆုံးတွင်ရှိသော အိုဇုန်းသည် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေသည်။ ၎င်းအိုဇုန်းသည် အဆုတ်တစ်သျှူးများကိုပျက်စီးစေပြီး ပန်းနာရင်ကျပ်ကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများတွင် အထူးအန္တရာယ်ရှိသည်။ အိုဇုန်းဓာတ်သည် မျက်လုံးယားယံခြင်း၊ အပူလောင်ခြင်းများကို ဖြစ်စေနိုင်သည်။

မီးခိုးမြူများသည် လူနှင့်တိရစ္ဆာန်များကို ကျန်းမာရေးနှင့် မညီညွတ်မှုများ ဖြစ်စေနိုင်သည့်အပြင် အပင်များကိုလည်း သေကျေပျက်စီးစေနိုင်သည်။ မီးခိုးမြူများသည် မြို့၏အလှကိုအကျည်းတန်စေသည်။ ထို့ပြင် မြို့၏ကောင်းကင်ကို အညိုရောင် သို့မဟုတ် မီးခိုးရောင်သို့ ပြောင်းသွားစေသည်။ မီးခိုးမြူများသည် စက်မှုလုပ်ငန်းနှင့် ယာဉ်အသွားအလာများသော မြို့ကြီးများတွင် အဖြစ်များသည်။ တောင်များဝန်းရံထားသောမြို့များ၊ ချိုင့်ဝှမ်းအတွင်းတွင်တည်ရှိသော မြို့များတွင် မီးခိုးမြူများသည် ပိတ်မိနေတတ်ပြီး ထိုဒေသများတွင် မီးခိုးမြူများကို လွင့်ပြယ်သွားအောင် လေကမသယ်ဆောင်နိုင်သည့်အတွက် မီးခိုးမြူပြဿနာများ ရှိလာနိုင်သည်။

အမေရိကန်အပါအဝင် နိုင်ငံအများအပြားသည် မီးခိုးမြူများလျှော့ချရန် ဥပဒေများ ရေးဆွဲထားသည်။ အချို့ဥပဒေများတွင် စက်ရုံမှ ဓာတုပစ္စည်းများကို လေထုထဲသို့ ထုတ်လွှတ်သည့်အခါတွင် ကန့်သတ်ချက်များစွာ ထည့်သွင်းရေးဆွဲထားသည်။ အချို့သောရပ်ရွာများတွင် နေထိုင်သူများသည် ၎င်းတို့၏ခြံအတွင်းရှိ အရွက်များ၊ အမှိုက်များကို မီးရှို့ခြင်းမှလည်း မီးခိုးမြူများ ထွက်ရှိလာတတ်သည်။ ထို့ကြောင့် အမှိုက်မီးရှို့ခြင်းနှင့်ပတ်သက်ပြီး ကန့်သတ်ချက်များ ထုတ်ထားသည်။ ထိုသို့ ထုတ်ပြန်ထားသောကန့်သတ်ချက်များသည် လေထုထဲသို့ ထုတ်လွှတ်သောဓာတုမီးခိုးမြူပမာဏကို လျှော့ချပေးနိုင်ရန် ရည်ရွယ်သည်။

မီးခိုးမြူပြဿနာသည် နေရာတော်တော်များများတွင် ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် လူတိုင်းသည် မီးခိုးမြူများလျှော့ချရန်အတွက် ၎င်းတို့၏အပြုအမူ၊ အမူအကျင့်များကို ပြောင်းလဲကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ကားမောင်းနှင်မှုကိုလျှော့ချခြင်း၊ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ကားကြုံစီးခြင်း၊ အများသူငါသယ်ယူပို့ဆောင်ရေးကို အသုံးပြုခြင်းများ လုပ်ဆောင်ရမည်။ ထို့ပြင် ကားများကိုဂရုစိုက်တစိုက် ပြုပြင်ထိန်းသိမ်းခြင်းကလည်း ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချနိုင်သည်။ နေ့၏အေးသောအချိန်၊ ည သို့မဟုတ် နံနက်စောစောတွင် ဆီဖြည့်ခြင်းက အိုဇုန်းထုတ်လုပ်ခြင်းကို တားဆီးပေးသည်။ VOCsမြင့်မားစွာထုတ်လွှတ်သည့် ထုတ်ကုန်များအစား VOCs ထုတ်လွှတ်မှုနိမ့်သောထုတ်ကုန်များကို အစားထိုးအသုံးပြုသင့်သည်။ ထို့ပြင် မြက်ရိတ်စက်များကဲ့သို့ ဂက်စ်ပါဝါသုံးခြံသုံးပစ္စည်းများအစား လျှပ်စစ်ပစ္စည်းများကို အသုံးပြုသင့်သည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ကင်ဆာနှင့် အခြားပြင်းထန်သောကျန်းမာရေးထိခိုက်မှုဖြစ်ပွားစေသည့် အဆိပ်အတောက်များ၊ ဒြပ်ပေါင်းများကို လေထုထဲသို့ ထုတ်လွှတ်မှုအများဆုံးဖြစ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ လေထုထဲသို့ ထုတ်လွှတ်သောအဆိပ်အတောက်များထဲတွင် ဥပမာအားဖြင့် Benzene၊ Formaldehyde နှင့် ဒီဇယ်အမှုန်အမွှားများပါဝင်သည်။

**သယ်ယူပို့ဆောင်ရေးကြောင့်ဖြစ်သည့် လေထုညစ်ညမ်းမှုလျှော့ချရေးအစီအစဉ်များ**

အမေရိကန်အခြေစိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ(EPA)သည် မီးခိုးမြူများ၊ မီးခိုးမည်းများနှင့် အဆိပ်အတောက်ဖြစ်စေသော လေထုညစ်ညမ်းမှုကိုလျှော့ချရန် လောင်စာဆီနှင့် ယာဉ်များအတွက် အမျိုးသားအဆင့် အစီအစဉ်များနှင့် စံနှုန်းများကို အကောင်အထည်ဖော်လျက်ရှိပြီး သန့်ရှင်းသောမော်တော်ယာဉ်နှင့် အင်ဂျင်နည်းပညာအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန် တောင်းဆိုထားသည်။ EPA ၏သယ်ယူပို့ဆောင်ရေးရင်းမြစ်များမှ ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအစီအစဉ်များက မီးခိုးမြူများ ထုတ်လွှတ်မှုကို လျော့နည်းစေကာ လေထုအရည်အသွေးသိသိသာသာကောင်းမွန်လာပြီး လူသားတို့၏ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သော လေထုရရှိစေသည်။ ၂၀၃၀ ပြည့်နှစ်တွင် EPA သည် မော်တော်ယာဉ်များအတွက် လေထုအရည်အသွေးစံနှုန်းများကို ထိန်းသိမ်းပေးနိုင်ခြင်းဖြင့် နှစ်စဉ် လေထုညစ်ညမ်းမှုကြောင့် အချိန်မတိုင်မီ သေဆုံးမှုပေါင်း ၄၀၀၀၀ ကျော်၊ ဆေးရုံတက်ရောက်ကုသရမှုပေါင်း ၃၄၀၀၀ ခန့်နှင့် ကျန်းမာရေးမကောင်းသည့်အတွက် ပျက်ကွက်ရသည့်အလုပ်ရက်ပေါင်း ၄ ဒသမ ၈ သန်းကို တားဆီးနိုင်ရန် မျှော်မှန်းထားသည်။

ခရီးသည်တင်ယာဉ်စံနှုန်းများနှင့် ပတ်သက်ပြီး EPA သည် ဓာတ်ငွေ့ထုတ်လွှတ်မှုစံနှုန်းများကို တင်းကျပ်စွာစိစစ်ဆောင်ရွက်သည့်အပြင် ဓာတ်ဆီတွင် သဘာဝအတိုင်းဖြစ်ပေါ်နေသော ဆာလဖာပမာဏပါဝင်မှုကိုပါ ကန့်သတ်ရန်ဖော်ပြထားသည်။ ဓာတ်ဆီတွင် ဆာလဖာကို ကန့်သတ်ခြင်းသည် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး နည်းပညာများကဲ့သို့ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် အခြားညစ်ညမ်းမှုများလျှော့ချရာတွင် သိသာသော ထိရောက်မှုရှိစေသည်။

EPA တွင် အကြီးစားဒီဇယ်ကားများနှင့် အင်ဂျင်ကားများမှ မီးခိုးထုတ်လွှတ်မှုကိုလျှော့ချရန် စံနှုန်းများ သတ်မှတ်ထားသည်။ ထိုသို့သတ်မှတ်သည့်ယာဉ်များထဲတွင် ထွန်စက်-နောက်တွဲများ၊ ဘတ်စကားကြီးများ၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးသုံးစက်ကိရိယာများ၊ လှေများ၊ သင်္ဘောများတွင် တပ်ဆင်ထားသော ဒီဇယ်အင်ဂျင်များနှင့် စက်ခေါင်းများပါဝင်သည်။ ထိုသို့ စံနှုန်းများသတ်မှတ်လိုက်ခြင်းသည် ဒီဇယ်အိတ်ဇောမှ မီးခိုးငွေ့ထုတ်လွှတ်မှုကို သိသာထင်ရှားစွာလျော့ကျစေပြီး ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည်။ အမျိုးသားဒီဇယ်ကင်းစင်ရေးအစီအစဉ် (National Clean Diesel Program)သည် ဒီဇယ်အင်ဂျင်များမှ အန္တရာယ်ရှိသောဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် လူ့ကျန်းမာရေးကို ကာကွယ်ရန်နှင့် လေထုအရည်အသွေးကို မြှင့်တင်ပေးရန်ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ၎င်းအစီအစဉ်အားဖြင့် အင်ဂျင်အလုံးပေါင်း ၆၀၀၀၀ ခန့်ကို ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။

EPA ၏ စံချိန်စံနှုန်းများအရ သယ်ယူပို့ဆောင်ရေးရင်းမြစ်များမှ လေထုအတွင်း အဆိပ်အတောက်များထုတ်လွှတ်မှုကို သိသာထင်ရှားစွာလျော့ကျစေသည်။ သယ်ယူပို့ဆောင်ရေးများမှ အန္တရာယ်ရှိသော လေထုညစ်ညမ်းမှုဖြစ်စေနိုင်မှုကို ၁၉၉၀ ပြည့်နှစ်မှစ၍ ထက်ဝက်လျှော့ချနိုင်ခဲ့သည်။ အဆိုပါလေထုအတွင်း အဆိပ်အတောက်များ ထုတ်လွှတ်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ၈၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်လိမ့်မည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက မျှော်မှန်းထားကြသည်။ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်များနှင့် လူ့အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ၎င်းတို့၏ လေထုအရည်အသွေး၊ ရာသီဥတုနှင့် သယ်ယူပို့ဆောင်ရေးပန်းတိုင်များကို ဟန်ချက်ညီစေရန် ကြိုးစားရှာဖွေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Smog, Soot, and Other Air Pollution from Transportation နှင့် Smog ကို ဘာသာပြန်ဆိုပါသည်။**

# ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစုံ ၉၀၉၈၆ ဧက စိုက်ပျိုးနိုင်ခဲ့



**ဟုမ္မလင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစုံ ၉၀၉၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ယခုနှစ် ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံ ၉၀၂၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၉၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးမှုကတော့ ဇွန်လကစပြီး စိုက်ပျိုးတယ်။ အခုလက်ရှိမှာတော့ မိုးသီးနှံစုံလျာထားချက်ဧကထက် ပိုမိုစိုက်နိုင်ခဲ့တယ်။ မိုးသီးနှံစိုက်ပျိုးမှုက တစ်နှစ်နဲ့ တစ်နှစ်တိုးတိုးပြီးတော့ စိုက်လာတယ်။ စပါးဆိုရင် မနှစ်ကထက် ဧက ၅၀ လောက် တိုးချဲ့စိုက်ဖို့လုပ်ထားတယ်။ အခြားဟင်းသီးဟင်းရွက်တွေကို မိုးကာလမှာ တိုးချဲ့စိုက်လာတယ်။ ဒီနှစ် မိုးသီးနှံ ပိုမိုစိုက်ပျိုးနိုင်တာဟာ ရာသီဥတု ကောင်းမွန်လို့ပါ"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် နှံစားသီးနှံ ၆၄၁၉၂ ဧက၊ ပဲမျိုးစုံ ၁၇၄ ဧက၊ ဆီထွက်သီးနှံ ၁၆ ဧက၊ စက်မှုသီးနှံ ၈၂၁၆ ဧက၊ ကွမ်းသီးကွမ်းရွက် ဧက ၃၀၀၊ ဟင်းခတ်အမွှေးအကြိုင် ၂၁၅ ဧက၊ အခြားသီးနှံ ၁၇၈၃၈ ဧကနှင့် ပရဆေးပင် ၁၅ ဧက စုစုပေါင်း ၉၀၉၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဟုမ္မလင်းမြို့နယ်တွင် မိုးစပါးဧက ၆၄၁၆၀၊ အစေ့ထုတ်ပြောင်း ၁၈၄ ဧက၊ ပဲမျိုးစုံ ၁၉၅ ဧက၊ နှမ်း ၁၃ ဧက၊ စက်မှုကုန်ကြမ်းသီးနှံ ၈၂၄၁ ဧက၊ ကွမ်းသီးကွမ်းရွက် ၂၈၈ ဧက၊ ဟင်းခတ်အမွှေးကြိုင် ၂၀၅ ဧက၊ အခြားသီးနှံ ၁၆၉၉၆ ဧက၊ ပရဆေးပင် ၁၄ ဧကတို့ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ယခင်နှစ်က ဟုမ္မလင်းမြို့နယ်တွင် မိုးကာလ၌ မိုးသီးနှံ ၈၆၁၄၃ ဧက လျာထားခဲ့ပြီး ၉၁၁၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှ တောင်သူ မျိုးစေ့များ ဖလှယ်ခြင်း၊ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် ကျေးရွာသုံးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**တန့်ယန်း စက်တင်ဘာ ၃၀**

တန့်ယန်းမြို့နယ် ကျေးရွာသုံးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ရှိသူများသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် လုံပုံးကျေးရွာအုပ်စု ကွန်ကောက်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ နားဟုတ်ကျေးရွာအုပ်စု မန်ကျောင်း-မန်လုံကျေးရွာ ကုန်ထုတ်လမ်း ဖြန့်ကျောက်ခင်းခြင်းလုပ်ငန်း၊ နားဟုတ်ကျေးရွာအုပ်စု မန်ကောင်း(ဝမ်တောင်)ကျေးရွာတွင် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

တန့်ယန်းမြို့နယ်ရှိ လုံပုံးကျေးရွာအုပ်စု ကွန်ကောက်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း သုံးမိုင် တစ်ဖာလုံ၊ နားဟုတ်ကျေးရွာအုပ်စု မန်ကျောင်း-မန်လုံကျေးရွာ ကုန်ထုတ်လမ်း ဖြန့်ကျောက်ခင်းခြင်းလုပ်ငန်း တစ်မိုင် ငါးဖာလုံ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နားဟုတ်ကျေးရွာအုပ်စု မန်ကောင်း(ဝမ်တောင်)ကျေးရွာ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများကို တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ညောင်ဦးမြို့နယ် ထောက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဝင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဝင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ထောက်ဝကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနားသို့ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဝင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ထောက်ဝကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# မြို့သစ်မြို့နယ် သီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြို့သစ် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့သစ်မြို့နယ် သီးကုန်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ သီးကုန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့်စီမံကိန်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြိုးစား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

သီးကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ၄၃၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာနေပြည်သူတို့၏ လုပ်အား ထည့်ဝင်မှုတို့ပေါင်းစပ်ကာ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။ **ကိုလှိုင်**

# မြန်မာနိုင်ငံမှ ညှော်မထဆန်ဖြူ တန်ချိန် ၉၅၀ ကို ပြည်ပသို့ တင်ပို့သွားမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံမှ ညှော်မထဆန်ဖြူ တန်ချိန် ၉၅၀ ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ခန့်ဖြင့် ပြည်ပသို့တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဇဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်ထံမှ သိရသည်။

ထိုသို့တင်ပို့မှုကို ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ရွှေမင်းဂံဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာလအတွင်းမှာ မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ညှော်မထဆန်ဖြူ (ငါးရာခိုင်နှုန်း ဆန်ကွဲ)ကို ဝယ်ယူလိုတဲ့အတွက် ကမ်းလှမ်းမှုတွေ ရှိပါတယ်။ ဒီအတွက် တန်ချိန် ၉၅၀ တင်ပို့သွားဖို့ ရှိပါတယ်။ နယ်စပ်ကုန်သွယ်ရေးအနေနဲ့ပဲ တင်ပို့သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဇဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်က ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလ တစ်လတာကာလအတွင်း ပြည်ပသို့ နယ်စပ်ကုန်သွယ်မှုဖြင့် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၆ သန်းရရှိထားကာ ရခိုင်ပြည်နယ် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုတည်းမှ ပြည်ပသို့ တင်ပို့ထားခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ကွမ်းသီးအပါအဝင် အုန်းသီးခြောက်၊ မန်ကျည်းစေ့၊ မန်ကျည်းဖတ်၊ ချင်း(အစို)၊ ဆီးဖတ်၊ နနွင်းတက်၊ စစ်တုံဥ၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ဆီးသီးခြောက်နှင့် တညင်းသီးတို့ကို နယ်စပ်မှတစ်ဆင့် တင်ပို့ခဲ့ကြောင်း သိရသည်။ ASH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

Ow Kv d @

# မေတ္တာဖြင့် အနိုင်ယူသောအခါ

အောင်မျိုးထွန်း




(၁)

"အမေ အမေ့သမီးကြီး ကြူကြူမလေ"

ဒေါ်အေးတင်ဘေးနား ကောက်ကာငင်ကာ ရောက်လာ၍ ဆိုင်းမဆင့်ဗုံမဆင့်ပြောလိုက်သော သမီးငယ်မြနှင်းစကားကြောင့် ဒေါ်အေးတင်ဒေါသက ငယ်ထိပ်ရောက်သွား၏။ လက်ထဲက သင်လက်စ ဟင်းရွက်ကို ကြေမွမတတ် ဖျစ်ညှစ်ဆုပ်ကိုင်ရင်းမှ-

"ကြူကြူရေ ကြူကြူ"

ငယ်သံပါအောင် အထိတ်တလန့်နှင့် ဒေါ်အေးတင်အော်ခေါ်သံကြောင့် အပြေးအလွှားရောက်လာသူက အကြီးမ ကြူကြူဖြစ်၏။

"ဘာဖြစ်တာလဲ အမေ"

"ကောင်မ အရှက်ကိုမရှိဘူး"

ဆောင့်ကြီးအောင့်ကြီးနှင့် သောင်မတင်ရေမကျ ဒေါ်အေးတင်စကားက နားလည်ရခက်၏။ ဒေါ်အေးတင်ဘေးနားက မြနှင်းကို အမှတ်မထင်ကြည့်မိတော့ နှုတ်ခမ်းလေးရွဲ့၊ မျက်စောင်းလေးခဲ၍ မကျေနပ်ဟန်တို့ပြေးလွှားဖြတ်သန်းနေသည့်အကြည့်ဖြင့် ကြူကြူ့ကို ကြည့်နေသောမြနှင်း။ အရင်းစစ်လိုက်တော့မှ ဒေါ်အေးတင်ဒေါသကို ကြူကြူနားလည်သဘောပေါက်သွား၏။

"ကြီးကြီးသောင်းကို ဘူးသီးတစ်ခါချက်လေးပေးမိတာကိုများ မကျေနပ်ဖြစ်ရသလားအမေရယ်"

"အို. . . ငါ မကြိုက်ဘူးဟဲ့။ မကြိုက်ဘူးလို့ ပြောထားတာကိုများ ညည်းက အတင့်ရဲပြီး လုပ်ရဲတယ်ပေါ့။ ညည်းအေ မိန်းမဖြစ်ပြီး သူထက်ငါဆိုတဲ့မာနလေး တောင်မထားနိုင်ဘူး။ ညည်းမို့လို့ ကိုယ့်အပေါ်မကောင်းတဲ့လူကိုများ အောက်ကျို့ပြီး ဆက်ဆံရတယ်။ ညည်းဆိုတာ ရှက်ကိုမရှက်တာ။ ညည်းအစား ငါရှက်တယ်အေ"

"အမေ့သမီးက ကြီးကြီးသောင်းကို ဟင်းရွက်တွေပေးတာ လေး၊ ငါးခါမကတော့ဘူး။ အမေ မသိရင် မသိသလို ပေးကမ်းနေတာ"

"အငယ်မက အစကတည်းကသိနေရင် ငါ့ကိုပြောပါ့လား။ ဘာလို့ အခုကျမှ လာပြောနေလဲ"

ဒေါ်အေးတင်စကားကို မြနှင်းသည် အသံနေအသံထား၊ အဆွဲအငင်၊ အဖြတ်အတောက်များနှင့် မဲ့ရွဲ့ကာ ထောက်ခံစကားဝင်ပြော၏။

"အမေ့သမီးကို သမီးက သတိပေးနေတာပဲ။ သမီးပြောတာကို အမေ့သမီးက အဖက်မလုပ်တဲ့အပြင် ဘဝဆိုတာ မျဉ်းဖြောင့်မဟုတ်ဘူး။ စက်ဝိုင်း။ ကိုယ်ပြုသည့်ကံ ကိုယ့်ဆီပဲပြန်လာမယ်။ ဘာညာနဲ့ တရားချသေးတာ။ အလကားပါ။ မေတ္တာပေးလို့ မေတ္တာရတယ်ဆိုတာ လူပီသတဲ့ လူ့အသိုင်းအဝိုင်းမှာပဲရှိတာ။ လူလိုမသိတဲ့လူကို မေတ္တာသွားပေးတော့ ကိုယ်ကပဲ သူ့ကိုအောက်ကျို့ဆက်ဆံရာပဲကျတယ်"

ကြူကြူသည် မြနှင်းစကားကို လက်တုံ့ပြန်ချင်သော်လည်း ဒေါ်အေးတင်က အကဲပိုပြီး ပြောမည်စိုးတာကြောင့် ငြိမ်နေမိ၏။ ဒေါ်အေးတင်နှင့် မြနှင်းစကားကို ကြူကြူပြုံးမိ၏။ ဒေါ်ကြည်သောင်းနှင့် ဆက်ဆံတိုင်း အမြဲပြောနေကျစကားများမို့ ကြူကြူ့အတွက်တော့ အဆန်းတကြယ်မဟုတ်တော့ဘဲ ပြုံးမိခြင်းပင်ဖြစ်မိ၏။

"ဒါနောက်ဆုံးအကြိမ်ပဲ ကြူကြူ။ နောက်တစ်ခါဆို ငါကိုယ်တိုင် အဲဒီစားပင်တွေ ဆွဲနုတ်ပစ်မှာ။ ညည်းကြပ်ကြပ်သတိထား။ ငါပြောတာကြားလား မိကြူ"

"ဟုတ်ကဲ့ပါ အမေ"

"သွား မနက်ဖြန် ဈေးကွက်အမီ ညီအစ်မနှစ်ယောက်စလုံး ခြံထဲက ဟင်းရွက်တွေသွားခူးတော့"

ကြူကြူခြံဘက်သို့ ထွက်လာခဲ့၏။ မပြောလိုက်ရသော ကြူကြူ့ရင်ထဲမှစကားက ယခုလည်းမပြောဖြစ်။ ညီအစ်မနှစ်ယောက်စလုံး ခြင်းတောင်းကိုယ်စီနှင့် ခြံထဲဝင်သွားရင်း ကြူကြူသည် ဒေါ်ကြည်သောင်းတို့ခြံဘက်ဆီ ဘာရယ်မဟုတ်ကြည့်မိ၏။

ဒေါ်ကြည်သောင်းသည် ခြံဝင်းနှစ်ခုကြားက ခြံစည်းရိုးပေါ်မှ ပေါင်းနွယ်ပင်များကို ရှင်းလင်းနေ၏။ ကြူကြူ့ကိုမြင်တော့ ဒေါ်ကြည်သောင်းက ပြုံးပြ၏။ ကြူကြူလည်း ပြန်လည်ပြုံးပြလိုက်သောအခါ မြနှင်း၏ မျက်စောင်းများက ကြူကြူ့ဆီကို ဒိုင်းခနဲကျရောက်လာ၍ ဆောင့်အောင့်သောခြေလှမ်းများနှင့် လှမ်းကာသွား၏။

(၂)

ဒေါ်အေးတင်တို့မိသားစုနှင့် ဒေါ်ကြည်သောင်းတို့မိသားစု စကားမပြောကြသည့်အကြောင်းရင်းက ဤသို့ဖြစ်၏။ ဒေါ်အေးတင်နှင့်ဒေါ်ကြည်သောင်းတို့ ခြံဝင်းနှစ်ခုကြားက ခြံစည်းရိုးဟောင်းနေသည့်အတွက်ကြောင့် ခြံစည်းရိုးအသစ်လဲ၏။ ပြဿနာက ထိုမှစခြင်းဖြစ်၏။ ဒေါ်ကြည်သောင်းတို့က ဒေါ်အေးတင်တို့ခြံဘက်ကို ရွှေ့တစ်ထွာတိုး၍ခတ်၏။ ဤသည်ကို ဒေါ်အေးတင်သိသောအခါ မုဆိုးမနှစ်ယောက်စကားများရာမှ သားသမီးများပါ ပါလာ၍ ထိုးမယ်ကြိတ်မယ်ထိပင်။ ဒေါ်ကြည်သောင်းက သားတွေချည်း သုံးယောက်မွေးထား၏။ ဒေါ်အေးတင်ကတော့ သမီးနှစ်ယောက်မွေးထားသည်ဆိုသော်လည်း အကြီးမကြူကြူသည် ထိုအချိန်က အဝေးသင်တက္ကသိုလ်တက်နေချိန်ဖြစ်၏။ ခွန်အားဗလတောင့်တင်း၍ အဖွဲ့များသော ဒေါ်ကြည်သောင်းသားများက ဒေါ်အေးတင်တို့မိသားစုကို ကြိမ်းဝါးစိန်ခေါ်သောအခါ ဒေါ်အေးတင်ကလည်း ငြိမ်မခံ။ နှစ်ဖွဲ့စလုံး သူ့ခြံဘက်၊ ကိုယ့်ခြံဘက်အတွင်းကနေ ပြန်လှန်ဆဲဆိုရင်း ခွန်းတုံ့ခွန်းပြန်ပြောကြသည်။

ဒေါ်အေးတင်ကလည်း ဒေါ်ကြည်သောင်းတို့၏ လူဝါးဝမှုကို မခံနိုင်၍ ရပ်ကွပ်အုပ်ချုပ်ရေးမှူးဆီ တိုင်ကြားတော့မှ ပြဿနာက နှစ်ဦးနှစ်ဖက်အညီ ပြေလည်သွားကြ၏။ ထိုနေ့မှစ၍ ဒေါ်အေးတင်တို့ မိသားစုနှင့် ဒေါ်ကြည်သောင်းတို့မိသားစုသည် ဆွေရိပ်မျိုးရိပ်မကင်းသော်လည်း မဆက်ဆံကြသည်မှာ ခြောက်လထဲသို့ပင် ချင်းနင်းဝင်ရောက်လာ၏။ ဒေါ်အေးတင်နှင့် ဒေါ်ကြည်သောင်းတို့ဖြစ်ပုံကို ကြူကြူအိမ်ပြန်ရောက်မှ ဒေါ်အေးတင်က ပြောပြ၍ သိရ၏။

(၃)

"အမေ ကြီးကြီးသောင်းရဲ့ သားအကြီးကောင် ကိုအောင်ကျော်လေ အရက်တွေအသောက်များလွန်းလို့ ကျောက်ကပ်မကောင်းတော့ဘူးတဲ့။ ဆေးရုံတင်ပြီး ကုသရမှာဆိုတော့ ကြီးကြီးသောင်းက အကြီးအကျယ် စိတ်ညစ်နေတာတဲ့။ ကြီးကြီးသောင်းမှာလဲ နှလုံးရောဂါရှိသေးတော့ တစ်ပတ်တစ်ခါ ဆေးခန်းသွားပြနေရတာ။ သူတို့မိသားစုကို ရှာဖွေလုပ်ကိုင်ပေးနေတဲ့ အလတ်ကောင် အစ်ကိုအောင်လတ်ကလဲ မိန်းမယူတော့မယ်တဲ့။ ဒီအတိုင်းသာဆို ကြီးကြီးသောင်းတို့မိသားစု ဘယ်လိုများနေပါတော့မလဲ"

မြနှင်းစကားကို ဒေါ်အေးတင်က သဘောကျ၍ အသံထွက်သည်ထိ ရယ်လိုက်၏။

"အဲဒါ စေတနာအကျိုးပေးတွေလေ။ သူတစ်ပါးအပေါ် နိုင်လိုမင်းထက် လုပ်ချင်တဲ့ ဒေါ်ကြည်သောင်းရဲ့ စေတနာအကျိုးပေးတွေပေါ့။ သူနဲ့ငါက မုဆိုးမချင်းတူပေမဲ့ သူ့မှာ အားကိုးစရာသားယောကျ်ားလေးမရှိဘူး။ ငါ့မှာ အားကိုးစရာသားယောကျ်ားလေးရှိတယ်ဆိုပြီး အမေတို့အပေါ် လောဘအတ္တတွေနဲ့ နိုင်ထက်စီးနင်းလုပ်ခဲ့တာတွေ အခုတော့ သူတို့တစ်မိသားစုလုံး ပြန်ပေးဆပ်ရပြီပေါ့"

ဒေါ်အေးတင်က သူ့စကားနှင့်သူ သဘောကျ၍ အားပါးတရရယ်လိုက်၏။ ဒေါ်အေးတင်စကားကို မြနှင်းကလည်း သဘောကျစွာလိုက်ရယ်၏။ ကြူကြူက လိုက်မရယ်လို့ထင်ပါရဲ့ ဒေါ်အေးတင်က ကြည့်မရသောမျက်လုံးများဖြင့် ကြူကြူ့ကိုကြည့်လာ၏။

"ကြူကြူ ညည်းမျက်နှာက ဘာလို့အိုနေတာတုံး"

"အိုနေတာမဟုတ်ပါဘူးအမေရယ်။ ကြီးကြီးသောင်းတို့မိသားစုအတွက် စိတ်မကောင်းဖြစ်မိလို့ပါ"

"ဘာဟဲ့"

ကြူကြူ့စကားကြောင့် ဒေါ်အေးတင်သည် ကြူကြူ့မျက်နှာကို ခပ်စိမ်းစိမ်းကြည့်၍ လေသံမာဆတ်ဆတ်ဖြင့်ပြော၏။

"အမယ်လေးအေ ကြူကြူမ။ ညည်းကိုညည်း ပညာတတ်ကြီးတစ်ယောက်ဆိုပြီး ငါ့ကို တရားလာချမလို့လား။ ငါက ညည်းလောက် ပညာမတတ်ပေမဲ့ ငါကျောင်းထားပေးလို့ ညည်းပညာတတ်တာပါအေ။ ညည်းက ပညာတတ်ဆိုပေမဲ့ ကိုယ့်အပေါ် ကောင်းလား၊ ဆိုးလားဆိုတာတောင် မခွဲခြားတတ်ဘဲ အသနားပိုနေတယ်။ ကိုယ့်အပေါ်မကောင်းတဲ့လူတစ်ယောက်ကို သွားပြီးအသနားပိုနေလို့ကော ညည်းကို ဘယ်သူက အကောင်းမြင်မှာတုံး။ ဒေါ်ကြည်သောင်းသိလို့ကတော့ သူက ညည်းကို ဟားတိုက်ရယ်မှာ။ ဟားတိုက်ရယ်တာက ရယ်ချင်လို့ရယ်တာမဟုတ်ဘူး။ ညည်းကို အရှက်မရှိတဲ့ကောင်မဆိုပြီး သူပါးစပ်ပေါက်နဲ့ တစ်ရွာလုံးသိအောင် လည်ပြောလိုက်မဲ့အမျိုး။ ကရားရေလွှတ်တာက ကြာအုံးမယ်။ သူပြောတာက ရေတံခွန်ရေစီးတာထက် ဆယ်ဆမြန်မှာဟဲ့"

"အမေကတော့လေ။ သမီးပြောရင်လဲမကြိုက်ဘူး။ ကြီးကြီးသောင်းတို့ အခက်အခဲဖြစ်တာတောင် အမေနဲ့မြနှင်းက ကြိတ်ဝမ်းသာနိုင်တယ်။ အမေပြောတာတွေက လွဲနေတယ်အမေရဲ့"

"ဘာ ငါ ပြောတာလွဲနေတယ်ပေါ့ ဟုတ်လား မိကြူ။ ညည်းကမှ ကျီးမိုက်မဟဲ့။ မကောင်းမှန်းသိတဲ့လူကို အောက်ကျို့ဆက်ဆံတော့ကော အဲဒီလူက ကိုယ့်အပေါ်ကောင်းလာနိုင်ပါ့မလား။ မွေးသန္ဓေ သေမှပျောက်တာဟဲ့။ လူတိုင်းကို ကိုယ့်စိတ်နဲ့မနှိုင်းနဲ့မိကြူရဲ့"

"သမီးပြောတာက ကိုယ့်အပေါ်မကောင်းတဲ့လူတစ်ယောက်ကို သမီးစိတ်တိုင်းကျပုံသွင်းပြီး ဆက်ဆံမယ်ဆိုတာမဟုတ်ပါဘူး။ သမီး အမေ့ကိုပြောတာက ကြီးကြီးသောင်းက သမီးတို့အပေါ်မကောင်းတာက မကောင်းတာပဲလေ။ သူဒုက္ခရောက်တဲ့အချိန်မှာတော့ တရားနှလုံးသွင်းပြီး မုဒိတာစိတ်လေးပွားနိုင်ရမှာပေါ့။ ညီမလေးမြနှင်းကိုလဲ မမ ပြောပေါင်းမနည်းတော့ဘူး။ ညီမလေးကို အမေ့စကားနားမထောင်နဲ့လို့ မမ ပြောနေတာမဟုတ်ဘူး။ ညီမလေးက ငယ်သေးတယ်ဆိုပေမဲ့ လူတိုင်းကို အကောင်းမမြင်နိုင်သေးရင်တောင် အဆိုးဘက်ကချည်းမကြည့်နဲ့။ ဘဝဆိုတာ မျဉ်းဖြောင့်မဟုတ်ဘူးညီမလေးရဲ့။ စက်ဝိုင်း။ ကိုယ်ပြုသည့်ကံ ကိုယ့်ဆီပဲပြန်လာမှာ"

ထို့နောက် မပြောဖြစ်သေးသော ကြူကြူ့ရင်ထဲက စကားကို အမေနှင့် မြနှင်းကို ပြောဖြစ်အောင် ပြောလိုက်၏။

"သမီးမေတ္တာမှန်ရင် ကြီးကြီးသောင်းတို့က သမီးမေတ္တာကို အလိုလိုနားလည်လာမှာပါ။ ရန်သူပဲဖြစ်ဖြစ်၊ မိတ်ဆွေပဲဖြစ်ဖြစ် ပြုံးထားရင်း မေတ္တာလေးနဲ့အနိုင်ယူရတယ်အမေရဲ့"

ကြူကြူ့စကားကို မြနှင်းက ဘာမျှမတုံ့ပြန်သော်လည်း ဒေါ်အေးတင်ကတော့ လုံးဝလက်မခံနိုင်ဘဲ ဤသို့ပြော၍ ဆောင့်ကြီးအောင့်ကြီးနှင့် ခြေဝှန်းဒိုင်းကျဲကာ အိမ်ပေါ်တက်သွား၏။

"ကြူကြူက ငါ့သမီးမဟုတ်ဘူး။ ငါ့မှာ မြနှင်းတစ်ယောက်တည်းပဲရှိတယ်။ ကြူကြူက ငါ့သမီးမဟုတ်လို့

စာမျက်နှာ ၂၇သို့ ➤

# မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ-ရုရှား ငါး၊ ပုစွန်ဖမ်းဆီးမှုနည်းပညာပူးပေါင်းဆောင်ရွက်မည်



**ရန်ကုန် ဇက်တင်ဘာ ၃၀**

မြန်မာ-ရုရှား ငါး၊ ပုစွန်ဖမ်းဆီးမှု နည်းပညာပူးပေါင်းဆောင်ရွက်ခြင်းကို ရုရှားနိုင်ငံမှ သင်္ဘော ၁၆ စင်းဖြင့် မြန်မာပင်လယ်ပြင်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယအလုပ်အမှုဆောင် ဦးသိန်းဆောင်က ပြောပြ၍ သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါး သယံဇာတတည်ရှိမှုကို သုတေသနပြုမည့်ကဏ္ဍနှင့် အခြားသောကဏ္ဍများတွင်လည်း မြန်မာ-ရုရှားနှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရန် မြန်မာ-ရုရှားနှစ်နိုင်ငံကြား သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည့်အတွက် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မကြာမီအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရေသယံဇာတဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာနဲ့ ရုရှားနှစ်နိုင်ငံကြားမှာ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူထားပါတယ်။ ရေအောက်မီတာ ၂၀၀ ကနေ ငါး၊ ပုစွန်တွေကို ဖမ်းဆီးနိုင်အောင် နည်းပညာပိုင်းဆိုင်ရာကို ရုရှားမှာ ဆွေးနွေးခဲ့ပြီးဖြစ်တယ်။ မကြာမီကာလအတွင်းမှာ ရုရှားက သင်္ဘော ၁၆ စင်းလာရောက်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဖို့ရှိတယ်။ မြန်မာ့ပင်လယ်ပြင်မှာ ငါး၊ ပုစွန်ဖမ်းဆီးမှုနည်းပညာပိုင်းဆိုင်ရာအတွက် နည်းပညာနဲ့ ပစ္စည်းအထောက်အပံ့ရရှိဖို့ ဆွေးနွေးခဲ့တာလဲရှိတယ်"ဟု ဦးသိန်းဆောင်က ပြောပြသည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ငါးဖမ်းဆီးမှုအဆင့် ၁၀ အတွင်းရှိသော်လည်း ဖမ်းဆီးမှုကိရိယာနှင့် နည်းပညာသုံးစွဲရန် လိုအပ်နေသေးပြီး ပင်လယ်ပြင်မှ မီတာ ၁၀၀ အောက်ရှိ ငါး၊ ပုစွန်များကို ဖမ်းဆီးသည့်နည်းပညာမရှိသေးကြောင်း၊ ရုရှားနိုင်ငံသည် ငါးလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် ပစ္စည်းပိုင်းဆိုင်ရာအကူအညီပေးမှုကို မြန်မာနှင့် ရုရှားနိုင်ငံကြား လက်မှတ်ရေးထိုးထားကြောင်း သိရသည်။ASH

# မိုးနဲမြို့နယ် ဝမ်ကတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုးနဲ ဇက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဝမ်ကတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်နှင့် တာဝန်ရှိသူများက ဝမ်ကတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဝမ်ကတ်ကျေးရွာကုန်ထုတ်လမ်း အရှည် သုညမိုင် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေနှင့် အမြင့် ကိုးလက်မရှိ သဲဖြူနှင်းလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၆၅ သန်းဖြင့် ယခုနှစ် ဇူလိုင်လပထမပတ်မှစ၍ တင်ဒါအောင်မြင်သည့် ငြိမ်းဆုသန့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ပေးမှုကြောင့် ဝမ်ကတ်ကျေးရွာရှိ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်ထံမှ သိရသည်။

**အေးသူ**

➤ စာမျက်နှာ ၂၆မှအဆက်

ငါ့လို မခံချင်စိတ်မထားနိုင်တာပဲ"

ကြူကြူကတော့ ပြုံးနေလျက်ပင်။

(၄)

"ဟင် ဖိနပ်တွေတန်းစီနေပါ့လား"

အိမ်အပေါက်ဝလှေကားအဆင်းတွင် စီရီနေသော ဖိနပ်ရန်များကြောင့် ကြူကြူ့ရင်ထဲ လှပ်ခနဲဖြစ်သွား၏။ အိမ်သို့ ဧည့်လောက်လူများအောင် အလည်မလာဖူးကြ။ အမျိုးအမည်ဖော်မပြတတ်သော စိတ်ခံစားချက်ကြောင့် လှေကားထစ်များကို ခပ်သွက်သွက်လေးတက်လိုက်၏။

"ဟင်"

မားမတ်စွာရက်ထားသော ကြူကြူ့ခြေနှစ်ဖက်သည် ကြမ်းပြင်ပေါ်သို့ ခွေကျသွား၏။ ရုတ်တရက်ပင် နှလုံးခုန်နှုန်းများ မြန်ဆန်လာပြီး ဝင်လေ၊ ထွက်လေတို့က မညီညာတော့။ အရုပ်ကြိုးပြတ်သွားသည့်ပမာ ခွေကျသွားသည့် ကြူကြူ့ကိုယ်လေးကို ကြီးကြီးသောင်းက လာထူပေးရင်း

"သမီးကြူကြူ"

"အမေ အမေ အမေဘာဖြစ်တာလဲ"

ကြူကြူ့စကားသံများက အဖျားခတ်၍ တုန်ယင်နေ၏။ ချက်ချင်းပင် အမေ့ဘေးနားဝင်ထိုင်လိုက်၏။ အမေသည် လှဲနေရင်းမှ နားလည်ရခက်သောအကြည့်နှင့် ကြူကြူ့ကိုကြည့်နေရင်းမှ မျက်ဝန်းအိမ်တွင် မျက်ရည်များဝဲနေ၏။

"အမေ အမေဘာဖြစ်တာလဲ။ မြနှင်း အမေဘာဖြစ်တာလဲ"

"အမေ ဘာမှမဖြစ်တော့ပါဘူးသမီးရယ်။ အမေသက်သာပါပြီကွယ်"

"သမီးတို့မရှိတုန်း အမေ့ကို ကူညီပေးတဲ့အတွက် သမီးမြနှင်း ကျေးဇူးတင်ပါတယ် ကြီးကြီးသောင်းရယ်။ ကြီးကြီးသောင်း အတွေ့ဦးလို့ပေါ့။ မဟုတ်ရင်"

ငိုသံစွက်နေသော မြနှင်းစကားသံများက တိမ်ဝင်သွား၏။ ထို့နောက် ကြီးကြီးသောင်းက ဆက်ပြော၏။

"သမီးအမေက ရေချပ်ရင်း ရေတွင်းဘေးနားမှာ မူးလဲသွားတာကို ကြီးကြီးသောင်းမြင်လိုက်တယ်လေ။ သမီးငယ်မြနှင်းရှိလေမလားဆိုပြီး အိမ်ထဲကိုလှမ်းကြည့်တော့ မြနှင်းလဲမရှိဘူး။ ကြူကြူလဲမရှိဘူး။ အဲဒါနဲ့ ကြီးကြီးသောင်းလဲ သားကြီးအောင်ကျော်ကိုခေါ်ပြီး သမီးအမေကို အိမ်ပေါ်ပွေ့ထူပြီး ဆရာဝန်ကိုသွားပင့်တော့ လမ်းမှာ သမီးငယ်မြနှင်းနဲ့တွေ့တာပေါ့။ သမီးမြနှင်းကို အကျိုးကြောင်းပြောပြပြီး ကြီးကြီးသောင်းက သမီးအမေအတွက် လိုအပ်တာလေးတွေလုပ်ပေးရအောင်ဆိုပြီး အိမ်ပြန်လာခဲ့တာ။ သမီးမြနှင်းကပဲ ဆရာဝန်သွားပင့်ပေးတာပေါ့။ သမီးအမေက အခုစိတ်ချသွားရပါပြီ။ ဘာမှ စိုးရိမ်စရာမရှိတော့ဘူးလို့ ဆရာဝန်က ပြောသွားတယ်။ သွေးတိုးလွန်းလို့ဖြစ်သွားတာတဲ့။ အစားအသောက်ကတော့ သွေးတိုးစာတွေရှောင်တဲ့။

ကြူကြူသည် ကြီးကြီးသောင်းကို ရင်ထဲမှာကော နှုတ်ကပါ ကျေးဇူးတင်စကားကို အထပ်ထပ်ပြောနေမိ၏။ ထိုအခါ ကြီးကြီးသောင်းက ပေါ့ပါးသောလေသံနှင့်-

"သမီးတို့နဲ့ကြီးကြီးသောင်းတို့က သူစိမ်းတွေမှမဟုတ်ဘဲကွယ်။ ဆွေရိပ်မျိုးရိပ်မကင်းတဲ့သူတွေပဲလေ။ တစ်ချိန်က သိသိကြီးနဲ့ လုပ်ခဲ့တဲ့လုပ်ရပ်ကြောင့်ပဲ ကြီးကြီးသောင်းက သမီးတို့ကိုတောင်းပန် ချင်ပါတယ်။ ကြီးကြီးသောင်းတို့မှားခဲ့ပါတယ်ကွယ်"

ထိုအချိန် ဒေါ်အေးတင်သည် ထူးဆန်းသောအပြုံး မသိမသာ ပြုံးလိုက်သည်ကို ကြူကြူ၊ မြနှင်းနှင့် ဒေါ်ကြည်သောင်းတို့ မြင်လိုက်၏။ တစ်ဆက်တည်း ကြူကြူပြောနေကျစကားသံများက ဒေါ်အေးတင် အသိထဲမှာ တဝဲလည်လည်။

"သမီးမေတ္တာမှန်ရင် ကြီးကြီးသောင်းတို့က သမီးမေတ္တာကို အလိုလိုနားလည်လာမှာပါ။ ရန်သူပဲဖြစ်ဖြစ်၊ မိတ်ဆွေပဲဖြစ်ဖြစ် ပြုံးထားရင်း မေတ္တာလေးနဲ့ အနိုင်ယူရတယ်အမေရဲ့"

ဒေါ်အေးတင်သည် စိတ်ကို ယတိပြတ်ပိုင်းဖြတ်လိုက်ပုံနှင့် ခပ်ပြုံးပြုံးလေးပြုံးကာ ဒေါ်ကြည်သောင်းကို ရွှန်းရွှန်းစားစားကြည့်လိုက်၏။ ထို့နောက် ကြူကြူ၊ မြနှင်း၊ ဒေါ်အေးတင်နှင့် ဒေါ်ကြည်သောင်းတို့ ဆွေမျိုးတစ်စုသည် အရသာရှိသောအပြုံးကို မာန်ပါပါပြုံးရင်း. . .။

## သီတင်းကျွတ်ခါ ပြည်မြန်မာ

- မိုးကင်းစင် ဆောင်းဝင်စ
ကောင်းကင်က ဝင်းပြာ
ကြောင်းထင်ကြ ယင်းအခါမှာ
ဆင်းမြန်မာရှုစား၊
ကောက်နှံတို့ စင်းညွတ်ရှာပြီ
သီတင်းကျွတ်ခါ အလှတစ်ပါး။

- သန်တုလ ရေးကြခေါ်
ရှေးကနော် စကား၊
တွေးဆမြော် သိတတ်အားနှင့်
မိနတ်သား ပေါ်တွင်၊
ဗုဒ္ဓရှင် ပေးထူးမြတ်
ကျေးဇူးဆပ် အမြိုက်ဆေးပင်။

- လူနတ်တို့ ပြုံးပျော်ရွှင်တယ်
ဘုန်းတော်ရှင် ပူဇော်မီးနှင့်
တူမျှော်ဆီး ဦးချကာသာ
ဖူးကြစဉ်လာ၊
ထူးမြတ်လ သည်အခါမှာ
ပြည်မြန်မာ အေးချမ်းပေါ့လေး။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# မိုးမိတ်မြို့နယ် သဲနီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိုးမိတ် ဇက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash for Work စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် မိုးမိတ်မြို့နယ် သဲနီကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ သဲနီကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့်လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

သဲနီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work (CFW)စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ တတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် သဲနီကျေးရွာရှိ အိမ်ခြေ ၂၃၄ အိမ်မှ လူ ၉၂၂ ဦးတို့၏ လူနေမှုအဆင့်အတန်းမြင့်မားလာကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုးမိတ်ခရိုင် ဦးစီးမှူး ဦးမျိုးဇော်ထွန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ကျောက်ကပ်ရောဂါနှင့် တိုင်းရင်းဆေးပင်များအကြောင်းသိကောင်းစရာ

ကြည်လွှင်မြင့်(မုံရွာ)

ကျောက်ကပ်ရောဂါအတွက် အစွမ်းထက် တိုင်းရင်းဆေးပင်များစွာရှိသည်။ ထိုအထဲတွင်မှ ကျောက်ဖရုံသီး၊ ကျောက်ကွဲပင်၊ သံမနိုင်ကျောက်မနိုင်ပင်၊ မြင်းခွာရွက်ပင်တို့မှာ လူသိများ ထင်ရှားသည့် ဆေးဖက်ဝင် အသီးအရွက်များဖြစ်သည်။

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် ကျောက်ကပ်မကောင်းသောရောဂါဖြစ်၍ ပြည်တွင်းအထူးကုဆရာဝန်ကြီးများနှင့်ပြသနေရာ တစ်နှစ်အကြာတွင် ဂေါက် ခေါ် အဆစ်ရောင်ရောဂါပါ ပါဝင်လာသဖြင့် စင်ကာပူနိုင်ငံသို့ သွားရောက်ပြသကုသနေရသည်။ ဆေးများစားနေရသည့်အပြင် လိုအပ်သောသွေးစစ်ချက်များကို စင်ကာပူနိုင်ငံသို့ပို့ပြီး စမ်းသပ်နေရသည်။

လွန်ခဲ့သောရက်ပိုင်းက သူသည် ဝမ်းသာအားရဖြင့် ဖုန်းဆက်လာသည်။ သူ၏ကျောက်ကပ်ရောဂါမှာ ထူးထူးခြားခြားသက်သာပြီဟုဆိုသည်။ သက်သာသည်ဟု ပြောရခြင်းမှာ စင်ကာပူနိုင်ငံသို့ပို့၍ စစ်ဆေးရသော သူ၏သွေးစစ်ချက်အဖြေများမှာ တိုးတက်ကောင်းမွန်လာပြီး ကျောက်ကပ်အစားထိုးကုသရမည့်ဘေးမှ ကင်းလွတ်သွားကာ ဆက်၍ အစားအသောက် အနေအထိုင် ဂရုပြုရန်သာလိုသည်ဟုဆိုသည်။

**ကျောက်ဖရုံသီးအစွမ်း**

"သူငယ်ချင်းက တိုင်းရင်းဆေးဆရာကြီးပဲ။ ငါ ဘယ်ဆေးနဲ့သက်သာသွားလဲ သိချင်လား"ဟု သူက မေးသည်။ စာရေးသူက "ပြောပြပါ" ဆိုမှ သူ၏အဖြေမှာ"ကျောက်ဖရုံသီးအစွမ်းပေါ့ကွာ"ဟု ဆိုသည်။

အမှန်ပင် ကျောက်ဖရုံသီးတစ်လုံး အလယ်အူတိုင်ဖယ်၊ အသားများကိုယူပြီး သကြားရည်နှင့်ရောစပ်ကာ ဖျော်ရည်စက်တွင်ထည့်၍ ဖျော်ရည်လုပ်သောက်ရာမှ ၁၀ ရက်ခန့်တွင် သွေးစစ်ချက်များတိုးတက်လာပြီး တစ်လကျော်ကြာသောအခါ ကောင်းမွန်သည့်အဆင့်သို့ ရောက်ရှိခဲ့သည်ဟုဆိုသည်။ ထို့ပြင် ကျောက်ဖရုံသီးကို ဟင်းချိုအဖြစ်လည်း ချက်ပြီး နေ့စဉ်စားခဲ့သည်ဟု ပြောသည်။ ကျောက်ကပ်လဲရမည့်သူတစ်ဦး ပြန်ကောင်းလာသည်ဆိုသဖြင့် ကျောက်ဖရုံသီး၏အစွမ်းထက်သော ဆေးဖက်ဝင်ပုံကို လေ့လာဆန်းစစ်ကြည့်လိုစိတ်များ ဖြစ်ပေါ်လာသည်။

ကျောက်ဖရုံသီးကို ဟင်းချိုချက်စားသည်ထက် ဟင်းခါးချက်၍စားသူက ပိုများသည်။ ဟင်းချိုတွင် ငရုတ်ကောင်းမှုန့်အနည်းငယ်ခတ်လိုက်လျှင် ဟင်းခါးဖြစ်သွားသည်။ အသားငါးနှင့် ရောချက်စား၍လည်း ရသည်။ ကျောက်ဖရုံယိုသည် အလွန်စားကောင်းပြီး ဧည့်သည်များကို တည်ခင်းဧည့်ခံလျှင် အမြင်လှသော အချိုစားဖွယ်ဖြစ်သည်။

ရှေးကလူကြီးများ အသက်ကြီးလာလျှင် ဆီးပြဿနာရှိလာသဖြင့် ကျောက်ဖရုံသီးဟင်းချိုကို ပုစွန်ခြောက်၊ ငါးကျည်းခြောက်များဖြင့် ရောချက်ပြီး ဓာတ်စာအဖြစ် စားလေ့ရှိကြသည်။ ကျောက်ဖရုံသီးကို မိုးကြိုးကွင်းသည်ဟူသော အယူအဆဖြင့် အိမ်ခေါင်မိုးပေါ်တွင် တင်ထားသူများလည်းရှိသည်။ ကျမ်းစာများတွင်မပါသော်လည်း ရှေးအယူအဆအဖြစ် ယုံကြည်သူများက ပြုလုပ်နေကြဆဲဖြစ်သည်။

ကျောက်ဖရုံသီးသည် အပုပ်နံ့ကို စုပ်ယူသည်ဟု ယူဆပြီး ရှေးက ငါးရက်၊ ခုနစ်ရက်ထားသော အသုဘအိမ်များတွင် လူသေကောင်ခြေရင်း သို့မဟုတ် အောက်တွင် ကျောက်ဖရုံသီးကို ထားလေ့ရှိသည်။ တချို့က ထက်ခြမ်းခွဲပြီး ဗိုက်ပေါ်မှောက်ထားသည်လည်းရှိသည်။ ထက်ခြမ်းခွဲပြီး အလောင်းအနီးအနားတွင်ထားသည်လည်းရှိသည်။ အရပ်ဓလေ့ အမျိုးမျိုးရှိသည်။ ဤသို့ထားရှိသည်ကို မြင်ပြီးနောက် တချို့က ကျောက်ဖရုံသီးကို မစားချင်ကြတော့။ အမြင်ကြောင့် အစွဲအလမ်းဖြစ်ပြီး မစားချင်ဖြစ်သွားပုံရသည်။

အမှန်တော့ ကျောက်ဖရုံသီးသည် ကျန်းမာရေးအတွက်တန်ဖိုးရှိသော အစာဖြစ်သည်။ အထူးသဖြင့် ဆီးနှင့်ကျောက်ကပ်အတွက် အလွန်ကောင်းသည်။ အရွက်၊ အညွန့်၊ အသီး သုံးမျိုးလုံးစားကောင်းသော အသီးမျိုးဖြစ်သည်။ ကျောက်ဖရုံသီးသည် တာရှည်လည်း အထားခံသည်။ ကျောက်ဖရုံသီး၏ အထူးဆေးစွမ်းမှာ ဆီးအိမ်ကို သန့်ရှင်းစေသည်ဟု ရှေးဆေးကျမ်းများစွာက ဖော်ပြထားသည်။



ဆေးဖက်ဝင် ကျောက်ဖရုံသီးကို တွေ့ရစဉ်။

အရှင်နာဂသိန်၏ အခြေပြုဆေးအဘိဓာန်တွင် ကျောက်ဖရုံသီးသည် အားတိုး၊ သုက်ပွားစေ၏။ ကြေခဲ၏။ မှည့်သောအသီးသည် ဝမ်းမီးတောက်စေ၏။ ကြေလွယ်၏။ ဆီးအိမ်ကို သုတ်သင်တတ်၏။ သည်းခြေ၊ ဒေါသကိုနိုင်၏။ ထို့ပြင် အရူး၊ သွေးလေဖောက်ပြန်သောရောဂါတို့ကိုလည်းနိုင်၏။ ထို့ပြင် နှလုံးငြိမ်စေသောအစာဖြစ်ကြောင်း ကျမ်းစာများတွင် ဖော်ပြသည်ကို လေ့လာတွေ့ရှိရသည်။

ရသဓာတုဆေးကျမ်းတွင် ကျမ်းလာမဖောက်၊ သိလျှင်မြောက်စုံ၊ ကျောက်ဖရုံမှု၊ မတူအရေး၊ သွေးနှင့်ယုတ္တံသင့်ပြန်ခြင်းရာ၊ အားကိုသာလျှင်၊ ပဝတ္တတိ၊ ဖြစ်လေဘိသုံး၊ နှလုံးငြိမ်စေ၊ ဆောင်ရွက်ပေးသည်၊ ညာကြေအံ့၍ မခန်းတည်းဟု ဖော်ပြထားသည်။

ကျောက်ဖရုံသီးသည် အပြစ်ကင်းသည့်အသီးမျိုးဖြစ်သည်။ ကျောက်ဖရုံသီးစားပြီး တစ်စုံတစ်ရာဖြစ်သည်ဟု မကြားဖူးပါ။ အသီး၏မျိုးနွယ်မှာလည်း ရုက္ခဗေဒပညာအရ ဘူးသီးမျိုးရင်းဖြစ်၍ ပိုအန္တရာယ်ကင်းသည်။ တစ်နှစ်ခံနွယ်ပင်မျိုးဖြစ်သည်။ အသီးနှင့်အရွက်တွင် ဘူးသီးထက်ပို၍ အမွေးအမှင်ကြမ်းကလေးများ ပါရှိသည်။ အသီးအရွက်တွင် အမွေးအမှင်ကလေးများပါရှိခြင်းသည် ဓာတ်သဘောအရ အာကာသဓာတ်ပါရှိသည့်သဘောဖြစ်သည်။ အပိတ်စာ၊ အတက်စာမဟုတ်။ အပွင့်စာ၊ အသက်စာဖြစ်သည်။

**ကျောက်ဖရုံဆေးအစွမ်း**

ကျောက်ဖရုံသီးကို ဆေးဖော်စားသဖြင့် ကုသရန်ခက်ခဲသည့် ကျောက်ကပ်ဖောရောဂါ ပျောက်ကင်းသည်ကို လွန်ခဲ့သော ၁၀ နှစ်ခန့်က ကိုယ်တွေ့တွေ့ဖူးသည်။

ကျောက်ကပ်အလုပ် မလုပ်သဖြင့် ဆီးကောင်းစွာမသွားနိုင်ဘဲ ဆီးခုံမှစ၍ အောက်ပိုင်း ခြေနှစ်ဖက်လုံးရောင်ပြီး ခြေခုံနှစ်ဖက်လုံး ဖောင်းကားကာ စီးနေကျဖိနပ်ပင် မဝင်မဆံ့တော့သောရောဂါမျိုးဖြစ်သည်။

**ဆေးဖော်စပ်ပုံ**

ကျောက်ဖရုံသီး အလုံးရင့်ရင့်တစ်လုံးကို ထိပ်ပိုင်းလက်လေးသစ်ခန့်မှ ဖြတ်လိုက်ပါ။ အတွင်းမှ အစေ့များပါသောအူတိုင်ကို ဖယ်ထုတ်လိုက်ပါ။ ထို့နောက် လွတ်သွားသော အလယ်အူကြောင်းတွင် ချွတ်ဆေးမသုံးသည့် သကြားအညိုကို ဝင်ဆံ့သလောက်ထည့်ပါ။

ထို့နောက် ဖြတ်ထားသော ထိပ်ပိုင်းကို ပြန်အုပ်ပြီး လက်နှစ်လုံးခန့်ရှိသော ပိတ်စနှစ်ပေခန့်အရှည်တွင် ကွမ်းစားထုံးကို သုတ်လိမ်းကာ အသီးထိပ်ပိုင်း အဖုံးမရွေ့စေရန် ပတ်ထားပါ။

ထိုကျောက်ဖရုံသီးကို နတ်အုန်းဆွဲသကဲ့သို့ ကြိမ်ဆိုင်းကြိုးဖြင့် ချိတ်ဆွဲထားပါ။ အတွင်း၌ ဓာတ်ပြုသွားစေရန် သုံးရက်မှ ငါးရက်ထိ ထားရသည်။ ရက်စေ့လျှင် ဆွဲထားသော ကျောက်ဖရုံသီးဖင်ပိုင်းအောက်တည့်တည့်မှ စူးချွန်ဖြင့် ဖောက်လိုက်ပါ။ အရည်များကျလာမည်။ ထိုအရည်ကို ခံယူပြီး ပုလင်းများဖြင့် ထည့်သိမ်းထားပါ။ အေးသောနေရာတွင်ထားပါ။ (အချို့တောအရပ်တွင် စပါးရှိလျှင် စပါး သို့မဟုတ် စပါးခွံပုံးထဲ မြှုပ်သိမ်းထားလေ့ရှိသည်။)

ကျောက်ဖရုံသီးနှင့်သကြားအရည်ကို တစ်နေ့လျှင် တစ်ပုလင်းစာ၊ နှစ်ကြိမ် သုံးကြိမ်ခွဲ၍ သောက်သုံးပေးရသည်။ ဆီးများစွာသွားပြီး အရောင်များကျသွားသည်ကို တွေ့ရသည်။ ထိုဆေးသည် ကျောက်ကပ်ကို သန့်စင်စေသည်။ အလုပ် ပြန်လုပ်စေသည့်ဆေးမျိုးဖြစ်သည်။ (သကြားထည့်ရသောဆေးမျိုးဖြစ်သဖြင့် ဆီးချိုရောဂါရှိသူများအတွက်တော့ အဆင်ပြေမည်မဟုတ်ပါ။)

**ဆေးဖက်ဝင်ပုံအမျိုးမျိုး**

ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်၊ အစေ့၊ အပင်၊ အမြစ်အားလုံး ဆေးဖက်ဝင်သည်။

**ဆေးကျမ်းများအဆိုအရ**

- ကျောက်ဖရုံအပွင့်ကို စားပေးလျှင် ဝမ်းပျက်ဝမ်းလျှောရောဂါ သက်သာစေနိုင်သည်။
- အသီးကိုစားခြင်းဖြင့် အားရှိစေသည်။ အဆုတ်ရောဂါနှင့်သင့်သည်။ သွေးအန်သွေးကျ ရောဂါသက်သာစေသည်။
- အသီးကို နေ့စဉ်စားသုံးလျှင် ဆီးနှင့် ကျောက်ကပ်ရောဂါများအတွက် အကျိုးပြုသည်။ ဆီးအိမ်ကို သန့်စင်စေသည်။
- အသီး၏အရည်ကို နေ့စဉ်သောက်သုံးပေးလျှင်၊ ဖျော်ရည်ပြုလုပ်၍ သောက်လျှင် ကျောက်ကပ်မှ ကျောက်ကျစေသည်။
- အသီးထဲတွင် ရှိန်းခိုနှင့် ဂျုံပြာ၊ ဆား အနည်းငယ်ထည့်၊ အရည်ကို စစ်သောက်လျှင် ကျောက်များကွဲ၍ ကျစေနိုင်သည်။
- ကျောက်ဖရုံသီးကို အရည်ဖျော်၍ လေနာ၊ ဝက်ရူးနာ၊ အရူးရောဂါများအတွက်လည်း သုံးသည်။
- ကျောက်ဖရုံစေ့ကို ကလေးသန်ချဆေးအဖြစ် သုံးသည်။
- ကျောက်ဖရုံပင်အမြစ်ကို အခြောက်မှုန့်ပြုလုပ် သောက်သုံးလျှင် ပန်းနာရင်ကျပ်ရောဂါ သက်သာပျောက်ကင်းစေသည်။
- ကျောက်ဖရုံယိုသည် အစာအိမ်၊ ဆီးအိမ် ပူသောရောဂါကို ငြိမ်းစေနိုင်သည်။ အစာကိုလည်း ကြေစေနိုင်သည်။

**ကျောက်ကပ်ရောဂါအတွက် ဆေးနည်းများ**

ကျောက်ဖရုံသီးကို အသားချည်းခြစ်ယူပြီး ဖျော်ရည်စက်နှင့်ကြိတ်ကာ အရည်စစ်ယူပါ။ ကော်ဖီတစ်ခွက်စာ အရည်တွင် ချင်းကိုကြိတ်ပြီး အရည်ညှစ်ယူ ဟင်းစားဇွန်းတစ်ဇွန်းထည့်။ သကြားကိုအနည်းငယ်နီအောင်လှော် တစ်ဇွန်းထည့်။ ထိုနည်းအတိုင်း မနက်၊ ည တစ်နေ့နှစ်ခွက်တိုက်ပါ။

တောနယ်တွင်ဆိုလျှင် သောင်ခုံမှာပေါက်သည့် ဟင်းဂလာပင်ရှာပြီး သုံးခွက်တစ်ခွက်တင်ကျိုတိုက်ပါ။ ကျောက်ကပ်ဖောပျောက်သည်ဟု ဆေးကျမ်းများတွင်ဆိုသည်။

**ကျောက်တည်ရောဂါဆေးနည်းတိုများ**

ကျောက်ကွဲပင်အရွက်များကို ရေနွေးဖြောပြီး အသုပ်ပြုလုပ်စားပါ။ မိုးဥတုတွင် အလွန်ပေါသည်။ ရေများများသောက်ပါ။ ငါးပြေမနှင့်စောင်းလျားသီး ရောချက်စားပါ။ သုံးရက်ဆက်စား၍ ကျောက်ကျသူ တွေ့ဖူးသည်။ ငါးပုတ်သင်ခေါင်းမှကျောက်ကိုသံပရာရည်နှင့် စိမ်ထားပြီး အရည်ကိုသောက်ပါ။

ကျောက်ဖရုံသီးဟင်းချိုချက်သောက်ပါ။ ကျောအောင့်ပျောက်သည်။ ယခင်ကျောက်ကျဖူးသော်လည်း ကျောက်က ပြန်တည်တတ်သည်။ လောလောဆယ် ကြက်သွန်နီဥကိုထောင်းပြီး ညှစ်ထုတ်ထားသည့်အရည် တစ်ဇွန်းစာကို သံပရာရည် တစ်ဇွန်းစာနှင့်ရောစပ်ကာ တစ်နေ့လျှင် လေးကြိမ်သောက်ပါ။

**ကျောက်ကပ်ကောင်းစေရန်**

- ကျောက်ဖရုံသီးဖျော်ရည် တစ်နေ့တစ်ဖန်ခွက် သောက်ပါ။
- တောဆီးဖြူပင် ပြုတ်ရည် တစ်နေ့ မတ်ခွက်တစ်ဝက်သောက်ပါ။
- ကနဖော့ရွက်ပြုတ်ရည်နှင့်ရေချိုးပေးပါ။
- မြင်းခွာရွက်လက်ဖက်ခြောက်လုပ်သောက်လျှင် ဆီးကောင်းသည်။
- ခြေထောက်ရောင်လျှင် နံနက် ရေမချိုးမီ အုန်းစိမ်းရည်တစ်လုံးတိုက်ပါ။ ဖီးကြမ်းငှက်ပျောသီး မီးဖုတ်ကျွေးပါ။

# တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ ပရီးမီးယားလိဂ်က မန်စီးတီး၊ စီးရီးအေက လာဇီယိုနဲ့ လာလီဂါက ဘက်တစ်အသင်းကို အားပေးရမှာပါ



တနင်္ဂနွေနေ့ညမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေ များနေတာကြောင့် ပရိသတ်တွေအတွက် ဘောလုံးရသပေးစွမ်းနိုင်တဲ့ ပွဲကောင်းတွေကို ကြည့်ရှုရအုံးမှာပါ။ အခုရက်သတ္တပတ်ဟာ နိုင်ငံတကာပြိုင်ပွဲကာလအပြီး ကစားရတဲ့ပွဲစဉ်တွေဖြစ်တာကြောင့် အရန်ကစားသမားအင်အားနည်းပါးတဲ့အသင်းတွေအနေနဲ့ အခက်အခဲရှိမှာသေချာပါတယ်။ လာမဲ့ တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပထိပ်တန်းလိဂ်တွေထဲက ပရီးမီးယားလိဂ်၊ စီးရီးအေနဲ့ စပိန်လာလီဂါတို့က ခြေရည်တူအသင်းတွေကိုသာ အဓိကထားချဉ်းကပ်သွားမှာပါ။ အဲဒီထဲက အသင်းလိုက်ကစားအားကောင်းပြီး တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

### မန်စီးတီးအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မန်စီးတီးနဲ့ မန်ယူအသင်းတို့ရဲ့ မန်ချက်စတာဒါဘီပွဲစဉ်ပဲဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အခုရာသီမှာ တိုက်စစ်မှူး ဟာလန်းကို ပိုင်ဆိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းထက်မြက်လာခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ခုနစ်ပွဲမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ကစားနိုင်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၂၃ ဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် ပရီးမီးယားလိဂ်မှာ သွင်းဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ဂိုးမြူးလေ့ရှိပြီး အခုချိန်ထိ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့စံချိန်ကို ပိုင်ဆိုင်ထားတဲ့အသင်းဖြစ်တာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြ ဂွါဒီယိုလာရဲ့ တိုက်စစ်ပိုင်းမှာတော့ ဟာလန်းက အဓိက ကစားသမားအဖြစ်ပါဝင်နေပြီး အခုပြိုင်ပွဲမှာ သွင်းဂိုး ၁၁ ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းအနေနဲ့ အစဉ်အလာကြီးမားတဲ့ ပြိုင်ဘက်ကောင်းတွေဖြစ်ပေမဲ့ နည်းပြဂွါဒီယိုလာ ကိုင်တွယ်ပြီးနောက်ပိုင်းမှာ မန်ယူအသင်းအနေနဲ့ မန်စီးတီးအိမ်ကွင်းမှာ အမြဲတမ်းရှုံးကန်ခဲ့ရတာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ခံစစ်ပိုင်းက လာပေါ်တီ၊ ဂွါန်စတုန်းတို့ ဒဏ်ရာပြဿနာရှိနေပေမဲ့ ခံစစ်အကောင်းဆုံးအသင်းထဲမှာ ပါဝင်နေတာကိုတွေ့ရမှာပါ။

မန်ယူအသင်းဟာ ရာသီအစ ရလဒ်ပိုင်းကျဆင်းခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ နိုင်ပွဲရှာနိုင်ခဲ့လို့ ခြောက်ပွဲအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ အမှတ်ပေးဇယား အဆင့်(၅)မှာ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာတော့ သူတို့အသင်း တိုက်စစ်ပိုင်းက ရုန်းကန်ခဲ့ရတာကြောင့် ကျဉ်းမြောင်းတဲ့ရလဒ်တွေနဲ့သာ အနိုင်ရခဲ့ပြီး အာဆင်နယ်တစ်သင်းတည်းကိုသာ ဂိုးပြတ်နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြသစ် တန်ဟတ်အနေနဲ့ တိုက်စစ်ပိုင်းမှာ ရက်ရှ်ဖို့ဒ်ကို အသုံးပြုခဲ့ပြီးနောက်ပိုင်း ရလဒ်ကောင်းခဲ့ပေမဲ့ ရက်ရှ်ဖို့ဒ်အနေနဲ့ ဒဏ်ရာပြဿနာရှိနေလို့ အခုပွဲစဉ်မှာ ပါဝင်ဖို့မသေချာပါဘူး။ ဝါရင့်တိုက်စစ်မှူး စီရော်နယ်ဒိုကတော့ ခြေစွမ်းပိုင်း ကျဆင်းနေတဲ့အပြင် နိုင်ငံတကာပြိုင်ပွဲ ကစားထားရတာကြောင့် ပွဲပန်းနေမှာသေချာပါတယ်။ ဒါကြောင့် နည်းပြတန်ဟတ်ဟာ တိုက်စစ်ပိုင်းမှာ အန်တိုနီကိုပဲ အထောင်ထားပြီး ပွဲထွက်လာဖို့ သေချာနေပါတယ်။ အခုပွဲစဉ်ဟာ ပရီးမီးယားလိဂ်ရဲ့ တိုက်စစ်အကောင်းဆုံးအသင်းကို ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ မန်ယူအသင်းပွဲချိန်ပြည့်တုံ့ပြန်ကစားဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် နောက်ဆုံးတွေ့ဆုံမှုနှစ်ကြိမ်မှာ အသာရနေတဲ့အပြင် အိမ်ကွင်းကစားပုံထက်မြက်တဲ့ မန်စီးတီးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၆ | - | ၀ | နော့တင်ဟမ် |
| အေဗီလာ | ၁ | - | ၁ | မန်စီးတီး |
| ဆီဗီလာ | ၀ | - | ၄ | မန်စီးတီး |
| မန်စီးတီး | ၂ | - | ၁ | ဒေါ့မွန် |
| ဝုဗ် | ၀ | - | ၃ | မန်စီးတီး |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၀ | - | ၁ | မန်ယူ |
| လက်စတာ | ၀ | - | ၁ | မန်ယူ |
| မန်ယူ | ၃ | - | ၁ | အာဆင်နယ် |
| မန်ယူ | ၀ | - | ၁ | ဆိုစီဒက် |
| ရှရစ် | ၀ | - | ၂ | မန်ယူ |

### လာဇီယိုအသင်းကို လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လာဇီယိုနဲ့ စပီဇီယာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းရဲ့ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ပိုင်းထက်မြက်မှုမှာတော့ လာဇီယိုအသင်းက အသာရနေတာကို တွေ့ရမှာပါ။ လာဇီယိုအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက်မှာ တိုက်စစ်ပိုင်းက ခြောက်ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးနှစ်ဂိုးရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ စီးရီးအေခုနစ်ပွဲမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၄)မှာရောက်ရှိနေပြီး အဆင့်(၁)က နာပိုလီအသင်းနဲ့ ရမှတ်သုံးမှတ်သာ ကွာဟမှုရှိနေတာကို တွေ့ရမှာပါ။ လက်ရှိနည်းပြ ဆာရီရဲ့ ကစားကွက်ပိုင်းကို ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ဆာဗစ်ကပုံဖော်နေပြီး တိုက်စစ်ကစားသမားတွေ ဂိုးသွင်းယူဖို့နေရာလွတ် ဖန်တီးပေးနေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းတိုက်စစ်ပိုင်းက နောက်ဆုံးငါးပွဲမှာ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပြီး သွင်းဂိုး ၁၂ ဂိုးထိရရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ အခုလို ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းနဲ့တွေ့ဆုံချိန်မှာ နိုင်ပွဲရှာရမှာဖြစ်တာကြောင့် အခုပွဲစဉ်မှာလဲ အင်မိုဘိုင်း၊ အန်ဒါဆန်၊ ဇာကာနီတို့နဲ့ ပွဲထွက်လာပြီး တိုက်စစ်အသာပေးကစားလာမှာ သေချာပါတယ်။

စပီဇီယာအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အပြင် အဓိကကစားသမားတွေ ခေါ်ယူနိုင်ခဲ့ခြင်းမရှိတာကြောင့် ရလဒ်ပိုင်းကျဆင်းနေတာကို တွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့သလို စီးရီးအေ ခုနစ်ပွဲကစားအပြီးမှာလဲ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၂)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်မှာလဲ လာဇီယိုအသင်းက ငါးကြိမ်စလုံးအနိုင်ရခဲ့ပြီး အိမ်ကွင်းပွဲစဉ်တွေမှာ ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိနည်းပြနှစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ ပြိုင်ပွဲအပေါ်ချဉ်းကပ်မှုမှာလဲ လာဇီယိုအသင်းနည်းပြက သာလွန်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရယူဖို့ ကြိုးစားလာမဲ့ လာဇီယိုအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၁ | - | ၂ | နာပိုလီ |
| လာဇီယို | ၄ | - | ၂ | ဖီရင်နို |
| လာဇီယို | ၂ | - | ၀ | ဗီရိုနာ |
| မစ်ဂျေးလန် | ၅ | - | ၁ | လာဇီယို |
| ခရီမိုနန်စီ | ၀ | - | ၄ | လာဇီယို |

**စပီဇီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပီဇီယာ | ၂ | - | ၂ | ဆက်ဆူအိုလို |
| ဂျူဗင်တပ် | ၂ | - | ၀ | စပီဇီယာ |
| စပီဇီယာ | ၂ | - | ၂ | ဘိုလော့နာ |
| နာပိုလီ | ၁ | - | ၀ | စပီဇီယာ |
| စပီဇီယာ | ၂ | - | ၁ | ဆမ့်ဒိုးရီးယား |

### ဘက်တစ်အသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဆဲလ်တာဗီဂိုနဲ့ ဘက်တစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းဟာ ပြီးခဲ့တဲ့ အမှတ်ပေးပွဲငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး သူတို့အနိုင်ရခဲ့တာက ကာဒီဇက်၊ ဂျီရိုနာတို့လို အသင်းငယ်တွေကိုသာ ဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လာလီဂါခြောက်ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ အဆင့်(၁၃)မှာရောက်ရှိခဲ့ပြီး ခံစစ်ပိုင်းက စုစုပေါင်းပေးဂိုး ၁၃ ဂိုးထိခွင့်ပြုခဲ့ရတာပါ။ သူတို့အသင်းနည်းပြ ကိုဒက်ကတော့ ပြိုင်ဘက်ရဲ့ကစားကွက်အခင်းအကျင်းကိုကြည့်ပြီး အပြောင်းအလဲပြုလုပ်နေပေမဲ့ တိုက်စစ်ကစားပုံထက်မြက်တဲ့အသင်းတွေနဲ့ဆို ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းရဲ့ တိုက်စစ်မှာတော့ အက်စ်ပက်က သွင်းဂိုးငါးဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားဖြစ်ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ ဂိုးရဖို့ခက်ခဲခဲ့တာဖြစ်ပါတယ်။

လက်ရှိနည်းပြ ပယ်လီဂရီနီရဲ့ ဘက်တစ်အသင်းကတော့ ပုံစံကောင်းရရှိနေတာကြောင့် ရလဒ်ပိုင်းကောင်းမွန်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲစဉ် ခြောက်ပွဲအပြီးမှာ ငါးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၅ မှတ်စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းရှုံးနိမ့်ခဲ့တာကလဲ ရီးရဲလ်မက်ဒရစ်ကို အဝေးကွင်းပွဲစဉ်မှာဖြစ်ပေမဲ့ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် အခုနှစ်မှာ တိုက်စစ်မှူး အီဂယ်စီယာအနေနဲ့ ခြေစွမ်းပြကစားနိုင်ခဲ့သလို အသင်းအတွက် အဆုံးအဖြတ်သွင်းဂိုးတွေကို သွင်းယူပေးနေတာကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒ့ါပြင် ပြီးခဲ့တဲ့ အပြောင်းအရွှေ့မှာ အသစ်ခေါ်ယူထားတဲ့တိုက်စစ်မှူး ဝီလျံဂိုဇ့ကလဲ ခြေစွမ်းပြသွင်းဂိုးသွင်းယူနေတာကြောင့် ဘက်တစ်အသင်းတိုက်စစ်ပိုင်းဟာ ခံစစ်ပိုင်းအားနည်းတဲ့အသင်းတွေအတွက် ခက်ခဲစေတာကိုတွေ့ရမှာပါ။ ဒ့ါပြင် နည်းပြပယ်လီဂရီနီရဲ့ တိုက်စစ်ကစားပုံထက်မြက်မှုကြောင့်လဲ အခုပြိုင်ပွဲမှာ ပင်နယ်တီသုံးကြိမ်ထိရရှိခဲ့ပြီး ပင်နယ်တီအများဆုံးရရှိထားတဲ့အသင်းအဖြစ် ရပ်တည်နေတာကို သတိပြုရမှာပါ။ ဒ့ါပြင် ဘက်တစ်အသင်းဟာ ဆဲလ်တာဗီဂိုနဲ့ နောက်ဆုံးအဝေးကွင်းလေးပွဲဆက်မှာ ရှုံးနိမ့်ခဲ့ခြင်းမရှိတာကြောင့် အခုပြိုင်ပွဲမှာ ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ဘက်တစ်အသင်းကိုပဲ အားပေးရမှာပါ။

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၄ | ရီးရဲလ်မက်ဒရစ် |
| ဂျီရိုနာ | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၃ | - | ၀ | ကာဒီဇက် |
| အေတီကို | ၄ | - | ၁ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၃ | - | ၀ | ဆဲလ်တာဗီဂို |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | ဘက်တစ် |
| ဟယ်စင်ကီး | ၀ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၀ | ဗီလာရီးရဲလ် |
| ဘက်တစ် | ၃ | - | ၂ | လူဒိုဂိုရက်စ် |
| ဘက်တစ် | ၂ | - | ၁ | ဂျီရိုနာ |

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၆-၉-၂၀၂၂** ရက်နေ့မှစတင်၍ **၂၂-၁၂-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။







## ပြင်ဦးလွင် မြေကွက်ကျယ် အမြန်ရောင်းမည်

ပြင်ဦးလွင် အောင်ချမ်းသာ ရွာလယ်ပဟိုချက်မ ၅ လမ်းနှင့် ၆ လမ်းကြား။ ရွာလယ်ဓမ္မာရုံတောင်ဖက်၊ မန္တလေး-လားရှိုးလမ်းမကြီးမှ သယ်စက္ကန့်မျှသာ ဝင်ရ။ မျက်နှာစာ နှစ်ဖက်ပွင့်၊ ဆိုင်ခန်းပါ။ ရေ၊ မီး အစုံ၊ ရွာမြေ စစ်စစ်၊ ပေ ၁၀၀ × ပေ ၁၀၀ ပတ်လည်။ အမြန်ရောင်းမည်။ ဦးရာလူ ရမည်။ ဖုန်းနံပါတ် - ၀၉-၅၀၀၀၆၇၃၊ ၀၉-၅၀၁၅၆၄၇၊ ၀၉-၅၀၅၀၅၇၆၊ ၀၉-၅၀၅၉၀၃၄ သို့ ဆက်သွယ်လိုက်ပါ။

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်အုပ်စု၊ ဈေးကွက်သစ်ရပ်နေ ဦးမောင်မောင် (ဘ) ဦးညိုအောင် (၉/စကတ(နိုင်)၀၆၉၂၅၀)မှ ပလိပ်ကားဆိပ်ရပ်ကွက်အတွင်းရှိ ကွင်းအမှတ်(၁၅ဃ)၊ ဦးပိုင်အမှတ်(၁၆/၇)၊ ဧရိယာ (၀. ၀၃)ဧကကျယ်ဝန်းသောမြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဇော်ဝင်းထက် (ဘ) ဦးပေါစိန် (၉/စကတ(နိုင်)၀၇၆၂၁၄)မှ ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အောက်ပါလိပ်စာသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့်သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထက်(၀၉-၇၉၇၁၂၄၄၆၈)**
**စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကားဆိပ်**

### စာရေးမတစ်ဦး အလိုရှိသည်

- လစာ ၁၅၀၀၀၀/-
- ဒန်/သတ္တုဆိုင်
- ဈေးချိုအနောက်ဖက်
- ၂၆× ၂၇ ကြား၊ ၈၆×၈၇ကြား
- ၀၉-၄၄၄၀၁၅၅၅၂

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ ပိုင်ညီညီကို (ဘ) ဦးနေဝင်း (၁၄/ပသန(နိုင်)၂၇၁၃၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၅၂၇၂၇

### ပျောက်ဆုံးကြောင်း

ဟင်္သာတမြို့နေ ကျော်စွာမင်း (ဘ) ဦးမြင့်ဇော် (၁၄/ဟသတ(နိုင်)၃၂၈၄၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၃၄၂၂၄၈၂

### ပျောက်ဆုံးကြောင်း

လေးမျက်နှာမြို့နေ တင်မျိုးအောင် (ဘ) ဦးမြင့်နိုင် (၁၄/လမန(နိုင်)၁၀၈၇၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၀၅၆၅၇၇၉

### ပျောက်ဆုံးကြောင်း

လေးမျက်နှာမြို့နယ်နေ ဇေယျ(ဘ) ဦးဝင်းမြင့် (၁၄/လမန(နိုင်)၁၀၈၆၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၀၅၆၅၇၇၉

### ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ ကျော်ဇောဟိန်း (ဘ) ဦးအောင်ထွန်းဦး (၁၄/မမန(နိုင်)၃၂၉၇၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၁၇၄၆၄၈၄

### ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့နေ သက်ထက်စိုး (ဘ) ဦးမင်းဇော်ဦး (၁၄/ကကထ(နိုင်)၁၉၉၈၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၀၉၃၁၁၈၁

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေ စုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသနယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံတစ်ဝန်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် ခေတ်နဲ့အညီတည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

## မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ချောင်းဆုံကျေးရွာ "ရွာဦး" ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဥူးသုန္ဒရအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်

စာမျက်နှာ - ၂၇

## စက်တင်ဘာ ၃၀ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၄ ဦးတွေ့ရှိပြီး ယနေ့တစ်ဦးသေဆုံး

စာမျက်နှာ - ၂၀

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပို့ဆောင်

စာမျက်နှာ - ၂၂

## မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ-ရုရှား ငါး၊ ပုစွန် ဖမ်းဆီးမှု နည်းပညာပူးပေါင်းဆောင်ရွက်မည်

စာမျက်နှာ - ၂၇



# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့နှင့် ယနေ့နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ စတုတ္ထနေ့အဖြစ် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့ဆွေးနွေးရာတွင် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လည်းကောင်း၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လည်းကောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)အဖွဲ့ကိုလည်းကောင်း

စာမျက်နှာ ၁၉ ကော်လံ ၁ ☆



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုတို့ အပြီးသတ်ရရှိလာသည့်သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး လဲလှယ်စဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။